# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၃ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြောင်းတရားတို့ပေါင်းစုံ စုစည်းညီညွတ်ရာမှသည် ရွှေရောင်ကာလတစ်ခုဆီသို့ ...

**မိုးကေနိုင်**

**အကြောင်းတရားတို့ ပေါင်းစုံညီညွတ်သည့်အခါ ကောင်းသောအကျိုးတရားတို့သည် ထွက်ပေါ်စမြဲသာ။ အကြောင်းကောင်း၍ အကျိုးကောင်းဖြစ်ရသည်။ အချို့သော ရလဒ်ကောင်းများဟူသည် ချက်ချင်းလက်ငင်းရရှိလာသည်မဟုတ်၊ တစ်ဆင့်ချင်း တစ်ဆင့်ချင်း တည်ဆောက်ယူရသည်ကို ယနေ့ကာလ အားကစားကဏ္ဍ တိုးတက်မှုအချို့က ပြသနေသည်။**

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရယူမည်ဆိုလျှင် အခြေခံအုတ်မြစ်ကောင်းများ ခိုင်ခံ့အောင် ဦးစွာပြုလုပ်ယူရသည်။ အခြေအနေဖန်တီးနိုင်မှု အပါအဝင် အဘက်ဘက်က အခက်အခဲ၊ အနှောင့်အယှက်၊ ထိခိုက်နစ်နာမှု၊ အားနည်းချက်များစွာ ရှိနေသည့် အခြေအနေမှာဆိုလျှင် ပိုဆိုးသည်။ အရင်းအမြစ်နှင့် သွင်းအားစု inputs တို့ ချို့တဲ့လှသည့် အခြေအနေများမှာ ရလဒ်ကောင်းများဖြင့် အကောင်းဆုံး outcomes ကို ရယူနိုင်ဖို့ဆိုလျှင် ဦးဆောင်မှုနှင့် ကောင်းမွန်ထိရောက်သော efficient ဖြစ်သည့် စီမံခန့်ခွဲမှုကသာ အရေးကြီးဆုံးဖြစ်သည်ကို ပြီးစီးအောင်မြင်ခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးက ပြသနေပါသည်။




(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမအားကစားနည်း အမျိုးသမီး(၄၅ ကီလို) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မဇင်မေဦး ပထမ ရွှေတံဆိပ်ဆုရရှိပြီး ဆုရအခြားနိုင်ငံများမှ အားကစားသမားများနှင့်အတူ ဂုဏ်ပြုအောင်ပွဲခံစဉ်။

### အားပေးမှုအခွင့်အလမ်းအောက်မှာ အားသာချက်များတည်ဆောက်

အထက်ပါယူဆချက်ကို အောင်မြင်မှုများ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့် အခမ်းအနားကြီးနှင့် ထိုအခမ်းအနားတွင် နိုင်ငံအကြီးအကဲ၏ ဂုဏ်ပြုမှတ်ချက်စကားနှင့် လမ်းညွှန်မှာကြားချက်များတွင် ထင်ဟပ်နေသည်။ ကာလအတန်ကြာ အားနည်းနေသည့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို အဆင့်ဆင့်ပြန်လည် စနစ်တကျဆောင်ရွက်ရမည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများကို ကြိုဆိုနှုတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ပြည်တွင်းသတင်း စာ ၅

၂၀၂၃ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်တွင်းသတင်း စာ ၁၂

## ခြင်ကျားလောက်လမ်း ကင်းစင်ကျောင်းများ ထူထောင်

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၁၇၁၇ ဦးနှင့် သေဆုံးသူ ခုနစ်ဦး ရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တို့တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများပြားနေသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ပြောကြားခဲ့သည်။ မိမိတို့နိုင်ငံသည် သွေးလွန် တုပ်ကွေး အများဆုံးဖြစ်ပွားသည့် ဒေသတွင်းနိုင်ငံများတွင် ပါဝင်ပြီး ရောဂါကြောင့် နှစ်စဉ်လူသေဆုံးမှုများလည်း ရှိနေရာ ဂရုပြုကာကွယ်နှိမ်နင်းရန် လိုအပ်လျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် မူကြိုအရွယ်ကလေးများ နှင့် မူလတန်းကျောင်းသူ ကျောင်းသားများဖြစ်သည့် အသက် ၅ နှစ်မှ ၉ နှစ်အရွယ်တွင် ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ "ခြင်ကျား လောက်လမ်း ကင်းစင်ကျောင်းများ" ထူထောင်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဆွေးနွေးခဲ့ရာ ကျောင်းကျန်းမာရေးအဆင့်မြှင့် တင်မှု လုပ်ငန်းစဉ်များနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ပြီး ကျောင်းသူကျောင်းသား ကလေးငယ်များ ကျန်းမာပျော်ရွှင် စွာ ပညာသင်ကြားနိုင်စေရန်အတွက် အလေးထားဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကာကွယ်ဆေးရော ကုသ ဆေးပါ မရှိသေးသည့် ရောဂါဖြစ်ပြီး ကြိုတင်ကာကွယ်မှုနှင့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက် ရမည်ဖြစ်သည့်အလျောက် အသိပညာပေးမှုများကို ကျယ်ကျယ် ပြန့်ပြန့် ပြုလုပ်သွားရမည်ဖြစ်သည်။ ခြင်နှိမ်နင်းရေးအတွက် ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပိုးလောက်လမ်းနှိမ်နင်း ရေးနှင့် ခြင်နှိမ်နင်းရေး၊ ခြင်မကိုက်အောင် ဝတ်စားဆင်ယင်နေထိုင် ရေး ကျန်းမာရေးပညာပေးခြင်း စသည့်လုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများ၊ စည်ပင်သာယာ၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း နှင့် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက် သွားကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက် ဖွားပြီး နေ့အခါတွင် လူကို ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံ ရခြင်းမှ ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ အသက် ၁၅ နှစ်အောက် တွင် အများဆုံးဖြစ်ပွားပြီး အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ မြို့/ရွာ မရွေး၊ ရာသီမရွေး ကူးစက်ဖြစ်ပွားသောရောဂါလည်း ဖြစ်သည်။ ရောဂါပိုးသယ်ဆောင်ထားသည့် ခြင်ကိုက်ခံရပြီး ပျမ်းမျှ ၄ ရက်မှ ၆ ရက်အကြာတွင် သွေးလွန်တုပ်ကွေးလက္ခဏာ များ စတင်ပြသပြီး ရောဂါအဆင့် ၃ ဆင့်တွင် ပထမအဆင့်၌ ရာသီတုပ်ကွေးအဖျားနှင့် ဆင်တူပြီး တစ်ခါတစ်ရံ အစက် အပြောက်များ ပေါ်လာတတ်သည်မှလွဲ၍ စိုးရိမ်ရသည့် လက္ခဏာ မရှိသော်လည်း သွေးလွန်တုပ်ကွေးရောဂါအဆင့်နှင့် သွေးလန့် ခြင်းအဆင့်တို့ဖြစ်သည့် ကော်ဖီရောင် အန်ခြင်း၊ ဝမ်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးကြား သွေးယိုခြင်း၊ ခန္ဓာကိုယ်တွင် သွေးခြည်ဥကွဲသို့ အနီကွက်များပေါ်ခြင်း၊ ကိုယ်အပူချိန် ရုတ်တရက် ကျဆင်းခြင်း၊ မှိန်းခြင်း၊ ဂနာမငြိမ်ခြင်း၊ ခြေဖျား လက်ဖျား အလွန်အေးစက်ခြင်း၊ သွေးပေါင်အလွန်ကျဆင်းခြင်း၊ ရုတ်တရက် ဗိုက်အောင့်ခြင်း၊ အစာ/ရေ မဝင်ဘဲ အဆက်မပြတ် အန်ခြင်း၊ အပေါ်သွေး၊ အောက်သွေး ခြားနားချက် ၂၀ မီလီမီတာ မာကျူရီ သို့မဟုတ် ထို့ထက်နည်းခြင်း စသည့်စိုးရိမ်ရသော လက္ခဏာတစ်ခုခု တွေ့ရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းတို့တွင် ပြသပြီး ကုသမှုခံယူကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် ခြင်နှိမ်နင်းရေးသည် အဓိကဖြစ်ရာ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းများ ခြင်ကျား လောက်လမ်း ကင်းစင်ရေးတွင် လူတိုင်းပါဝင်ကြရပါမည့် အကြောင်း။ ။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့က နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ သုခဝိဟာရ သရက် ကုန်းကျောင်းတိုက် ဆရာတော် နေပြည်တော်တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဒေါက်တာ မုနိကုမာရ အမှူးပြုသော ဆရာတော် သံဃာတော် များ ကြွရောက်တော်မူကြပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၏ဇနီး၊ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် များ၏ ဇနီးများ၊ အမြဲတမ်းအတွင်း ဝန်နှင့် ဌာနကြီးမှူးများနှင့် ၎င်း တို့၏ ဇနီးများ၊ အထူးဖိတ်ကြား ထားသည့် နေပြည်တော်စည်ပင် သာယာရေး ကော်မတီတွင် တာဝန် ထမ်းဆောင်ခဲ့သော အငြိမ်းစား အရာရှိကြီးများနှင့် နေပြည်တော် စည်ပင်သာယာ ရေး ကော်မတီဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧည့် ပရိသတ်များက ပျဉ်းမနားမြို့ သရက်ကုန်းကျောင်းတိုက် ဆရာ တော် ဒေါက်တာမုနိကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ ပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော် များကို နာယူကြကာ မြို့တော်ဝန် ၏ဇနီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာမုနိကုမာရထံမှ နှစ်ပတ် လည်နေ့ သာဓုအနုမောဒနာ တရားနာကြား၍ လှူဒါန်းမှု အစုစု အတွက် ရေစက်သွန်းချအမျှပေး ဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၏ (၁၇)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း အခမ်းအနား ကို ဆက်လက်ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် တက်ရောက်၍ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကား ပြောကြား သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိ သူများက နေပြည်တော်စည်ပင် သာယာရေး ကော်မတီမှ နိုင်ငံတော်က ချီးမြှင့်သည့် ဝဏ္ဏ ကျော်ထင်ဘွဲ့ ရရှိသူတစ်ဦး၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ရရှိသူ ၅၅ ဦးနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ငါးဦးတို့ကို ထပ်ဆင့်ဂုဏ်ပြု ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိ သူများက နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဝန်ထမ်း များသို့ နှစ်ပတ်လည်နေ့အထိမ်း အမှတ် လူမှုရေးထောက်ပံ့စရိတ် များနှင့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများတွင် ပညာသင်ကြားလျက် ရှိသော ဝန်ထမ်းများ၏ သားသမီးများ အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ ငွေများ ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG Marvel အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် နှစ်စီး၊ MG, MG4 (Mulan) အမျိုးအစား လျှပ်စစ် သုံးမော်တော်ယာဉ် လေးစီးနှင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော Dongfeng Honda ENS1 လျှပ်စစ်သုံးမော်တော်ယာဉ် ၂၇ စီး စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၃၃ စီးသည် ရန်ကုန် ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူ ရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း တို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေများကို** ၁ နှစ်လျှင် အတိုးနှုန်း ၅ % ဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀၊** တောင်သူအစုအဖွဲ့ (၁) ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက် ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာ အရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေ အတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများ အတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ်ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/ မြို့နယ်ဘဏ်ခွဲများ နှင့်ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေ လျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် (ရုံးချုပ်) ၏ လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၈၃၉၁၂၃၅ သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (၁-၆-၂၀၂၃)

❖ *ရှေ့ဖုံးမှ*

ဟူသည့် လမ်းညွှန်ချက် ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ကတည်းကပင် မှတ်သားခဲ့ရဖူးသည်။

**နိုင်ငံတစ်နိုင်ငံ အားကစားကောင်းမွန်ရန် ဆိုလျှင် အားကစားကွင်းကောင်းရှိရမည်။ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်။ နည်းစနစ်ပိုင်း၊ နည်းပြပိုင်း ကောင်းမွန်ရမည်။ အားပေးထောက်ပံ့သည့် ပရိသတ်ရှိရမည်၊ ပြည်သူပါရမည်။ ပါရမီရှိသော၊ ကျွမ်းကျင်သော အားကစားသမားများ ရှိရမည်။** ထိုအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် တစ်ခုချင်း ဖြည့်ဆည်းပံ့ပိုးပေးနေသည်ကို တွေ့ရပါသည်။

ကျွန်တော်ထင်ပါသည်။ လက်ရှိ နိုင်ငံတော်အကြီးအကဲသည် အားကစားကဏ္ဍကို အထူးအားပေးပုံရသည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတစ်ဝန်း ခရီးစဉ်များတွင် အားကစားကွင်းများစွာကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆင့်မီပြုပြင်မွမ်းမံရေး လမ်းညွှန်မှာကြားခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများစွာ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်သည်ကို သတင်းများတွင် တွေ့မြင်ရသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ သုဝဏ္ဏအားကစားရုံကြီးမှာလည်း မြန်မြန်ဆန်ဆန် ပြန်လည်အဆင့်မြင့်မားလာခဲ့သည်။ တစ်နိုင်ငံလုံးက ဘောလုံးကွင်းများ အပါအဝင် အားကစားကွင်းများ ပြန်လည်တိုးတက်လာခဲ့သည်။ အားကစားပြိုင်ပွဲများ၊ လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာခဲ့သည်။ နိုင်ငံတော်နေ့ကြီးနေ့ထူးများတွင် ကျောင်းသားလူငယ်လေးများ၏ အားကစားလှုပ်ရှားမှုများက နေရာယူလာခဲ့ကြသည်ကို တွေ့ရသည်။

ယခုနိုင်ငံတော်အကြီးအကဲသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဘဝကပင် အားကစားနှင့် ပတ်သက်၍ အထူးအားပေးခဲ့သူဖြစ်သည်။

**❍ နိုင်ငံတစ်နိုင်ငံ အားကစားကောင်းမွန်ရန်ဆိုလျှင် အားကစားကွင်းကောင်းရှိရမည်။ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်။ နည်းစနစ်ပိုင်း၊ နည်းပြပိုင်း ကောင်းမွန်ရမည်။ အားပေးထောက်ပံ့သည့် ပရိသတ်ရှိရမည်၊ ပြည်သူပါရမည်။ ပါရမီရှိသော၊ ကျွမ်းကျင်သော အားကစားသမားများ ရှိရမည်။**

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်အားကစားနှင့် ကာယပညာကော်မတီများဖွဲ့စည်းပြီး တပ်မတော်အားကစားကို မြှင့်တင်ခဲ့သည်။ နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများ ပေါ်ထွန်းလာရေး အစဉ်တစိုက် အားပေးဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ပြိုင်ပွဲများ၊ ဝန်ကြီးဌာနအားကစားပြိုင်ပွဲများ ပို၍ သွက်သွက်လက်လက်ရှိလာကြသည်ကို သတိထားမိသည်။ နိုင်ငံအနှံ့၊ နေရာအနှံ့ talent ဖြစ်သော၊ ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပိုင်နိုင်သော အားကစားရွက်ပုန်းသီးများ မြေလှန်ရှာဖွေစုဆောင်းလေ့ကျင့်မည့် သတင်းစကားများကိုလည်း ကြားသိလာရသည်။ ကစားသမားဘက်ကချည်း မဟုတ်၊ နည်းစနစ်ပိုင်းတိုးတက်ဖို့ နည်းပြကောင်းများ ခန့်အပ်တာဝန်ပေးမှုများကိုလည်း မြင်ရပြန်သည်။ မြန်မာ့ရိုးရာ အားကစားနည်းများကို နိုင်ငံတကာပြိုင်ပွဲများမှာ ထည့်သွင်းကျင်းပလာနိုင်ရေးအတွက် ရိုးရာအားကစားနည်းအလိုက် ကမ္ဘာကသိလာအောင် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်နေမှုများလည်း ရှိလာခဲ့ပြီဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှုနှင့် ထောက်ပံ့အားပေးမှု ကောင်းခြင်းမှ ရရှိလာသည့် အောင်မြင်မှု**

ဘယ်အရာမဆို ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်းနှင့် ထောက်ပံ့အားပေးမှုက အောင်မြင်မှုဂုဏ်ကို ဆောင်ယူစမြဲဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ သောသောညံ အားပေးလက်ခုပ်သံများကိုလည်း မေ့ထား၍မရ၊ အဘယ်သို့သော နိုင်ငံအရေး ကိစ္စမှန်သမျှ ပြည်သူမပါဘဲ မအောင်မြင်နိုင်ဟူသော အယူအဆသည် ဤဆီးဂိမ်းပြိုင်ပွဲကစ၍ ပို၍ ထင်ရှားလာသည်ကို သတိပြုမိသည်။ နိုင်ငံတော်အလံကို တိုင်ထိပ်ဖျားဆီ လွှင့်တင်နိုင်ရုံမက နိုင်ငံအလံကိုလွှမ်းခြုံ၍ ကွင်းထဲပတ်ပြေးပရိသတ်ကို နှုတ်ဆက်အောင်ပွဲခံ၊ နိုင်ငံတော်သီချင်းကိုလည်း အဝေးဆီတိုင် လွင့်ပျံ့အောင် စွမ်းဆောင်ခဲ့ကြသည့် မြင်ကွင်းများကား အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပုံကို ပြသနေသည်။

အားကစားပွဲများ၌ အနိုင်ရ၍ မြန်မာ့အလံလွှင့်တင်ဂုဏ်ပြုခံရတိုင်း၊ မြန်မာနိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုခံရတိုင်း ဖြစ်ပေါ်လာသည့် ဂုဏ်ယူစိတ်ကို ဘာနဲ့မှ လဲလို့ရမည်မထင်။ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်း ဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ မြန်မာကို ဂုဏ်ယူလိုစိတ်၊ မြန်မာ့စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။

ယှဉ်ပြိုင်ခွင့်ရှိသည့် အားကစားနည်းပေါင်း ၃၆ နည်းအနက် ၁၉ နည်း (၅၂.၇၈%ဖြင့်) မှာသာ ယှဉ်ပြိုင်စွမ်း ရှိခဲ့သည်။ အားကစားသမား ၃၄၁ ဦး (ယှဉ်ပြိုင်သူ နိုင်ငံစုံမှ အားကစားသမားများ၏ ၅.၅ %) ၊ နည်းပြ ၁၀၄ ပေါင်း ၄၄၅ ဦးဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအထဲမှ အားကစား ၈ နည်းတွင် ရွှေတံဆိပ် ၂၁ ခု ဆွတ်ခူးခဲ့ကြသည်။ ကျန် ၉ နည်းတွင် ငွေ ၂၅ ခု၊ ကြေး ၆၈ ခု ပေါင်း ဆုတံဆိပ်ပေါင်း ၁၁၄ ခုတို့ရရှိခဲ့ကြသည်။ မြန်မာပြည်သူတို့ အားပေးမှုအများဆုံး ဘောလုံးပြိုင်ပွဲမှာ အမျိုးသမီးအသင်းက အစဉ်အလာပြိုင်ဘက် ထိုင်းအသင်းကို အနိုင်ယူ၊ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီးမှ ဘောလုံးအင်အားကြီး ဗီယက်နမ်ကို အရေးနိမ့်ခဲ့ရသည်။ အမျိုးသားအသင်းကလည်း အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ မြန်မာအားကစားတစ်ဖွဲ့လုံးသည် နိုင်သင့်သည့်ပွဲများတွင် ပြိုင်ဘက်များကို ဂုဏ်သိက္ခာရှိရှိ အနိုင်ယူခဲ့ကြသည်ဖြစ်၍ အတိုင်းအတာတစ်ခုအထိတော့ မြန်မာပြည်သူတို့ ကျေနပ်ခဲ့ကြသည်ဟု ဆိုရပါမည်။

**အားကစားသမိုင်းတစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုလည်း စိုက်ထူနိုင်ခဲ့ပြီ**

ဆက်လက်၍ မြန်မာအားကစားအဖွဲ့၏ နှစ်အလိုက် အောင်မြင်မှု အတိုင်းအဆကိုလည်း ခန့်မှန်းကြည့်ကြပါစို့..။ ယခုတစ်ကြိမ် အောင်မြင်မှုကို ၁၉၈၁ ခုနှစ်နောက်ပိုင်း အိမ်ရှင်အဖြစ်ကျင်းပသော အခြားနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်များနှင့် နှိုင်းယှဉ်လေ့လာလျှင် ၃၃.၄၃% အများဆုံးသော ရာခိုင်နှုန်းဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်သည်။ ဆီးဂိမ်း (၂၇) ကြိမ်မြောက်မှ ယခု (၃၂) ကြိမ်မြောက်အထိ အောင်မြင်မှုအခြေအနေ အကဲဖြတ်ဆန်းစစ်ချက်က ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်သလို အချိုးအားဖြင့်လည်း အမြင့်ဆုံးဖြစ်သည်ကို လေ့လာမိသည်။

(၃၁) ကြိမ်မြောက်ပြိုင်ပွဲတုန်းကမူ ဖိအားများကြားမှ နည်းနည်းနှင့် ကျဲကျဲဝိုင်းခဲ့ရသည်။ ယခု (၃၂) ကြိမ်မြောက်တွင်မူ ပို၍ပြည့်စုံသည့် နိုင်ငံတော်ဘက်က ကျေနပ်ဖွယ်ရာ ပြင်ဆင်ပေးမှု၊ အားပေးထောက်ကူမှု၊ ကဏ္ဍအလိုက်အားထည့်မှုအစုံအစုံကို တွေ့မြင်ခဲ့ရသည်။

ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွက်ခဲ့ခြင်းမှာ အမြတ်တစ်ခုပင်ဖြစ်သည်။ ထူးချွန်ပြောင်မြောက်သော အရည်အသွေးကောင်းများနှင့် မဆုတ်မနစ်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စိတ်ဓာတ်ကောင်းများပိုင်ဆိုင်ရာ တကယ့်အားကစားသမားကောင်းများပင်ဖြစ်သည်။ သူတို့သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆုတံဆိပ်များရယူပေးခဲ့ပြီး သမိုင်းမှတ်တမ်းကောင်းတစ်ခုဖြင့် အားကစားမှတ်တိုင်တစ်ခုကို အောင်အောင်မြင်မြင် စိုက်ထူနိုင်ခဲ့ကြသည်။

မဖြစ်နိုင်ဘူး ဟု ထင်သည့်အရာများကို ဖြစ်အောင်လုပ်ခဲ့ကြသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် အားကစားမှတ်တိုင်တစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုအဖြစ်လည်း တွင်ခဲ့ပါပြီ။ နည်းပြ/အုပ်ချုပ်သူများကော အားကစားသမားများပါ နိုင်လိုစိတ်ပြင်းပြစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်မှာ မှတ်တမ်းတစ်ခုဖြစ်သည်။ အားကစားကို တန်ဖိုးထားပြီး ကိုယ့်အလုပ်ကိုယ်လုပ် ပရော်ဖက်ရှင်နယ်ပီသစွာ၊ စည်းကမ်းစနစ်တကျရှိစွာဖြင့် ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြ၍ အတိုင်းအတာတစ်ခုအထိ

*စာမျက်နှာ ၄ သို့*

**◆ အားကစားပွဲများ၌ အနိုင်ရ၍ မြန်မာ့အလံလွှင့်တင်ဂုဏ်ပြုခံရတိုင်း၊ မြန်မာနိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုခံရတိုင်း ဖြစ်ပေါ်လာသည့် ဂုဏ်ယူစိတ်ကို ဘာနဲ့မှ လဲလို့ရမည်မထင်။ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်း ဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ မြန်မာကို ဂုဏ်ယူလိုစိတ်၊ မြန်မာ့စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။**

စာမျက်နှာ ၃ မှ

အသိအမှတ်ပြု ခံထိုက်သူများလည်းဖြစ်သည်။ ပြိုင်ပွဲမဝင်မီကပင် အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့ကြပြီး တာဝန်ရှိသူများဘက်ကလည်း မကြာခဏပင် လေ့ကျင့်ရာကွင်းများရှိ နိုင်ငံ့လက်ရွေးစင်လောင်းများကို ကြပ်မတ်ကြည့်ရှုအားပေးခဲ့ကြသည်မှာ အောင်ပွဲတစ်ခု၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရိုးရာလေ့အားကစားနည်းတွင် ရွှေတံဆိပ်ဆုရရှိသည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။ (၁-၆-၂၀၂၃)

**❑ အားကစားကို တန်ဖိုးထားပြီး ကိုယ့်အလုပ်ကိုယ်လုပ် ပရော်ဖက်ရှင်နယ် ပီသစွာ၊ စည်းကမ်းစနစ်တကျရှိစွာဖြင့် ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြ၍ အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြု ခံထိုက်သူများလည်းဖြစ်သည်။ ပြိုင်ပွဲမဝင်မီကပင် အပြင်းအထန် ကြိုးစားလေ့ကျင့်ခဲ့ကြပြီး တာဝန်ရှိသူများ ဘက်ကလည်း မကြာခဏပင် လေ့ကျင့်ရာ ကွင်းများရှိ နိုင်ငံ့လက်ရွေးစင် လောင်းများကို ကြပ်မတ်ကြည့်ရှုအားပေးခဲ့ကြသည်မှာ အောင်ပွဲတစ်ခု၏ ပြယုဂ်တစ်ခုပင် ဖြစ်သည်။**

### ဂုဏ်ပြုမှုဖြင့်ထိုက်တန်သူများအတွက် မကြုံစဖူး ထူးကဲသည့် ချီးမြှင့်မှုများ

သူတို့သည် အမိနိုင်ငံအတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်၍ ထိုက်ထိုက်တန်တန် ချီးမြှင့်ခံထိုက်သူများဖြစ်ကြပါသည်။ နိုင်ငံ့ဂုဏ်ဆောင် တစ်ဦးချင်း ရွှေတံဆိပ်ဆုရအားကစားသမားတစ်ဦးအတွက် ချီးမြှင့်ငွေမှာ ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေရပါက တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေရပါက ကျပ်သိန်း ၇၀၊ ကြေးရပါက ကျပ် ၃၅ သိန်း၊ နည်းပြ/အုပ်ချုပ်သူများအတွက်မူ ရွှေရပါက ကျပ်သိန်း ၁၀၀၊ ငွေရပါက ကျပ်သိန်း ၅၀၊ ကြေးရပါက ကျပ်သိန်း ၃၀ စသည်ဖြင့် အသီးသီးချီးမြှင့်ခံကြရသည်။ ဗိုလ်လုပွဲနှဲခဲ့သည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းဆိုလျှင် အမေရိကန်ဒေါ်လာ ၅ သောင်း၊ အကြိုဗိုလ်လုပွဲ အထိတက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းကတော့ ဒေါ်လာ ၂ သောင်း စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရသည့် သတင်းများကား မိဘပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာများပင် ဖြစ်သည်။

ဆုကြေးငွေများအနေဖြင့် စုစုပေါင်းငွေကျပ် ၃၃၃၃ သန်း၊ အမေရိကန်ဒေါ်လာ ၇ သောင်းဟူသော ပမာဏမှာ ချီးမြှင့်မှုသမိုင်းတစ်လျှောက် များပြားသော ပမာဏတစ်ခုဖြစ်သည်။ ယခုတစ်ကြိမ် ချီးမြှင့်မှုပုံစံသည် အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်အတွက်လည်း တစ်ပိုင်းတစ်စဖြည့်ဆည်းရာရောက်သည်ဟု ဆိုချင်သည်။ ဥပမာ.. ကစားသမားတစ်ဦးရရှိသည့် ချီးမြှင့်ငွေ သိန်း ၃၀၀ ဆိုပါစို့၊ တစ်လ ၅ သိန်း သုံးသွားမည်ဆိုလျှင် လပေါင်း ၆၀၊ ၅ နှစ်စာအထိ သုံးစွဲ၍ရသည်။ တစ်လ ၁၀ သိန်း သုံးလျှင်ပင် လပေါင်း ၃၀၊ ၂ နှစ်ခွဲ သုံးစွဲ၍ရသည်။ နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။ ၂ နှစ်တစ်ကြိမ်ပြိုင်ရသည့် ဆီးဂိမ်းတစ်ခုက အောင်မြင်သူ၏ ဘဝအာမခံချက်အတွက် ချီးမြှင့်ပေးရာရောက်သည်ဟု ခံယူသင့်ပါသည်။

နိုင်ငံတော်ဘက်က ငွေကြေးမနပြည့်စုံနေ၍လည်းမဟုတ်၊ အားကစားသမားဘက်ကလည်း ငွေကြေးမက်မော၍ ယှဉ်ပြိုင်ခြင်းလည်းမဟုတ်ပါ။ နိုင်ငံအတွက် ကြိုးစားဂုဏ်ဆောင်ခဲ့သူများဖြစ်၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည်ပင် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူ၍ဖြစ်ပါသည်။ ထို့ကြောင့် ဆီးဂိမ်းတစ်ခုနှင့် တစ်ခုအကြား ၂ နှစ်အတွင်းမှာ လုပ်နိုင်၊ ကိုင်နိုင်သမျှ ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးစားလေ့ကျင့်ပါက နောင်ပြိုင်ပွဲများစွာအထိ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို မိမိတို့၏ ဘဝအာမခံချက်သည်လည်း စဉ်ဆက်မပြတ်ပြည့်ဝလာမည်ဟု ယုံကြည်ပါသည်။ ဂုဏ်ပြုမှုဖြင့် ထိုက်တန်သူများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုခြင်းဖြင့် ပို၍ပို၍ စိတ်ဓာတ်ကောင်းလာအောင်အားပေးမြှင့်တင်ခြင်း moral up ဖြင့် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းလိုက်ခြင်းဟု မြင်မိပါသည်။

### ဝဏ္ဏကျော်ထင်ဘွဲ့နှင့် လူမှုထူးချွန်များ ချီးမြှင့်ပေးခဲ့

နိုင်ငံတော်က ဂုဏ်ပြုမှုများကိုလည်း သတိရမိသေးသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက်မှ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦး၊ လူမှုထူးချွန် တတိယအဆင့် ၆၉ ဦးအား ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၅ ခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို **“လူမှုထူးချွန် ပထမအဆင့်”** ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို အသက်(၆၀) ပြည့်မြောက်သည့် အချိန်မှစ၍ (နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့) သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ် ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရပါသည်။ နိုင်ငံတော်က လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်မှုအခြေအနေကို ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ ငွေတံဆိပ်တစ်ခုရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်းငါးသောင်း ၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခု အထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်းငါးသောင်း၊ ရွှေတံဆိပ် ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း၊ ရွှေတံဆိပ် တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ခုနစ်သောင်း၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ငါးသောင်း၊ ကြေးတံဆိပ် တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် သုံးသောင်းတို့ကို ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

ယနေ့အထိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီး ၂၃၀ အား လစဉ် ၁၅၅,၁၀,၀၀၀/- (ကျပ်တစ်ရာငါးဆယ်ငါးသိန်းတစ်သောင်းတိတိ) အား ပုံမှန်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

လိုအပ်နေသည့် ကွက်လပ်များကား ရှိနေဦးမှာဖြစ်သော်လည်း နိုင်ငံ့လက်ရွေးစင် အားကစားသမားများအတွက် ဘဝအာမခံချက်ရရှိရေး၊ ထိုက်သင့်သည့်ချီးမြှင့်ငွေနှင့် ရပိုင်ခွင့်များကို ဆက်လက်ဖြည့်ဆည်းပေးရမည်ဟု ခံယူထားချက်များရှိပြီးဖြစ်သည်ဟု သိရှိရသည့်အတွက် များစွာအားတက်မိပါသည်။ နိုင်ငံ၏အားကစားလောကနှင့် လက်ရွေးစင် အားကစားသမားများ၏ ဘဝအာမခံချက်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအမြင်နှင့် ဆက်စပ်စဉ်းစားကြည့်မိသည်။ နိုင်ငံလက်ရွေးစင်ဖြစ်ခဲ့ဖူးသူများကို နောင်မျိုးဆက်များအတွက် နည်းပြများအဖြစ် မမြင်သင့်ဘူးလား။ ကိုယ့်လူမျိုးကိုယ့်လူငယ်တွေအတွက် တာဝန်ယူ ၊ တာဝန်ခံပေးမည့် အောင်ပွဲဆာလောင်သည့် ကိုယ့်လူမျိုးနည်းပြများကိုပင် အစဉ်အဆက် နည်းပြတာဝန်ပေးခြင်းဖြင့် အစဉ်ဖွံ့ဖြိုးတိုးတက်နေမည့် အားကစားစက်ဝန်းကို အိပ်မက်မက်နေမိသည်။

### ထင်ရှားအောင်မြင်ခဲ့သည့်မြန်မာ့အားကစား ပြန်လည်နိုးထရန်အခါကောင်း

တစ်ချိန်က မြန်မာ့အားကစားလောကနှင့် မြန်မာ့အားကစားနည်းအချို့သည် မြန်မာနှင့် ကမ္ဘာတွင်ပါ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည်။ အားကျအတုယူဖွယ်ရာများ ရှိခဲ့သည့်အကြောင်းများစွာကို အားကစားမော်ကွန်းများတွင် ရေးထိုးခဲ့ကြဖူးသည့် မှတ်တမ်းများစွာအား တွေ့မြင်ဖူးကြပါလိမ့်မည်။ နောက်တော့ မြန်မာ့အားကစား တဖြည်းဖြည်း ပြန်လည်မှေးမှိန်သွားရပြန်သည်မှာ ကာလအတော်ကြာခဲ့သည်။ ယခုနှစ် ယခုကာလ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာတော့ မြန်မာ့အားကစားလောက ပြန်လည်နိုးထမှုတစ်ခုကို တွေ့မြင်လိုက်ရသလို အားလုံးက ခံစားမိကြသည်။

တစ်ချိန်က မှတ်တမ်းကောင်းများရှိခဲ့သည့် ရေကူးတင်မောင်နီ၊ တာဝေးအပြေးဘုရင် ရှင်မွေးဂန်း၊ ဘောလုံးလောက၌ ဗဟာဒူး၊ ဂိုးတင်အောင်၊ အေးမောင်လေး၊ အေးမောင်ကြီး၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်းတို့ ထင်ရှားခဲ့သည့် မြန်မာ့ဘောလုံးလောက၊ ဘော်လီဘော၊ လက်ဝှေ့၊ အလေးမ ကျော်သက်၊ ဂျူဒို၊ ဂျနီဖာသန်းသန်း တို့လို ပြေးခုန်ပစ် လက်ရွေးစင်များ ပေါ်ထွန်းခဲ့ဖူးရာ အားကစားနည်းများပြန်လည်ထွန်းတောက်လာရေး ရန်းထအားယူရန်၊ အထူးသဖြင့် မြန်မာလူမျိုးတို့ သည်းခြေကြိုက် ဘောလုံးကစားပြိုင်ပွဲများ

စာမျက်နှာ ၅ သို့



(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ဒုတိယနေ့တွင် မြန်မာဝူရှူးအားကစားသမား စန္ဒီဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။ (၁၁-၅-၂၀၂၃)

*စာမျက်နှာ ၄ မှ*

ထူးထူးချွန်ချွန်ဖြင့် ပြန်လည်အောင်မြင်မှုများ ရရှိလာရန်၊ နောက်ဆုံးနိုင်ငံတကာ အဆင့်အထိ တက်လှမ်းနိုင်အောင်ကြိုးစားကြရန်လိုအပ်ပုံများကို နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှာကြားချက်တွင် တွေ့ရသည်က အလေးထားဆောင်ရွက်ရန် ဦးတည်ချက်များပင်ဖြစ်သည်ဟု ခံယူထားရပါမည်။

**နိုင်ငံချစ်စိတ် မျိုးချစ်စိတ်နှင့် ယှဉ်၍**

တကယ်တော့ မြန်မာ့အားကစားလှုပ်ရှားမှုကို မြန်မာ့အမျိုးသားရေးလက္ခဏာများနှင့် ယှဉ်စပ် ထင်ဟပ်ပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင် တန်ဖိုးထား ဆောင်ရွက်နေသည်ဟုလည်း ယူဆပါသည်။ ယခုလို ချီးမြှင့်ထောက်ပံ့ခြင်းများ အပါအဝင် အားကစားကဏ္ဍကို မြှင့်တင်ခြင်း ပုံစံအမျိုးမျိုးသည်ပင် နိုင်ငံတော်ကာကွယ်ရေးအတွက် အားတစ်ခု၊ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းလည်း မည်ပါသည်။

ယခုကဲ့သို့ နိုင်ငံအလိုက်အားကစားအောင်မြင်မှုတွင် ဇွဲ၊ လုံ့လ ၊ စွမ်းဆောင်ရည်များနှင့်ထပ်တူ မျိုးချစ်စိတ်အခံလည်းပါမှ အောင်မြင်သကဲ့သို့ ထိုနိုင်ငံချစ်စိတ် မျိုးချစ်စိတ် အရင်းခံကြောင့်ပင် တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို ရှင်သန်တက်ကြွစေပြန်ပါသည်။ အထူးသဖြင့် လူငယ်များ၏ နိုင်ငံနှင့်လူမျိုးအတွက် အောင်မြင်လိုစိတ် နိုင်လိုစိတ်ပြင်းပြမှု mind set ကို ပြုပြင်ပြောင်းလဲရာရောက်စေမည်ဖြစ်သည်။ ထိုမှတစ်ဖန် လူငယ်လူရွယ်များက အားကစားကို ပိုမိုစိတ်ဝင်စားလာကြပြီး ထူးချွန်ထက်မြက်သော အားကစားမျိုးဆက်သစ်များ၊ နိုင်ငံ့သားကောင်းအမြောက်အမြားကိုလည်း ပေါ်ထွက်လာစေမည်သာဖြစ်ပါသည်။

ယနေ့လူငယ်များ၏ အောင်မြင်မှုများက နောင်လာနောက်သား မျိုးဆက်များအတွက် အားကျအတုယူဖွယ်ရာဖြစ်ပါသည်။ ဆက်လက်ရှန်းထကြမည့် အားမာန်များဖြင့် နိုင်ငံအတွက် အနာဂတ်မှာ ဆက်လက်သက်သေပြကြမည်ကို မြင်ယောင်နေမိပါသည်။ ယခုလို ဖိအားများကြားအချို့သော Amazing come back ပုံစံ ရှားရှားပါးပါး အောင်မြင်မှုမျိုးက နောင်မျိုးဆက်များအတွက် စံနမူနာပြုဖြစ်နေသည်ကတော့ အသေအချာပင်ဖြစ်၍ ယနေ့လူငယ်များအတွက် စဉ်ဆက်မပြတ် အောင်မြင်မှုများ ဆက်တိုက်ရရှိရန် အားသာချက်များစွာကို ထပ်ဆင့်ပံ့ပိုးပေးပါလိမ့်မည်။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရသမျှအင်အားဖြင့် နောက်တစ်ကြိမ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးအထိ ဆက်လက်သယ်ဆောင်သွားကြမည်ဟု ပြည်သူတစ်ရပ်လုံးက ယုံကြည်ပြီးလည်းဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အားကစားအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်၍ ယခုကတည်းကပင် စုဖွဲ့လေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်ကြရပါတော့မည်။ ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲကလည်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အားပေးနေချိန်၊ အောင်မြင်ရေးအတွက် အရှိန်အဟုန်ကောင်းများ စနေချိန်ထက် ကောင်းသောအချိန်မရှိတော့ပါ။ စုစည်းညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားကြရန်သာ လိုပါမည်။ သို့မှသာ ယနေ့အားကစား အောင်မြင်မှုမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် သွေးသစ်လောင်းနိုင်မည့် အစဉ်အလာကောင်းတစ်ခုကို မွေးဖွားနိုင်မည်ဖြစ်ကာ နိုင်ငံအတွက် အတိတ်နိမိတ်ကောင်း များစွာကိုလည်း သယ်ယူဆောင်ကျဉ်းပေးနေမည်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ။

# ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံ ပညာကျောင်းများကို ယနေ့တွင်လည်း ဆက်လက် ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီး သင်ကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၄ ကျောင်း စုစုပေါင်း ၇၉၉ ကျောင်းတို့ ပြန်လည်ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၀၂၇၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များအညီ နှင့်အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၀၇၀၉၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတန်းစာအုပ်များ အခမဲ့ထုတ်ပေးပြီး ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်ပေးထား**

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျစီမံထားခြင်း၊ ကျောင်းကြို / ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများဥပမိရုပ်ကောင်းမွန်စေရေး စသည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးထားကြသည်။

**အေးချမ်းစွာပညာသင်ကြားနိုင်**

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူ့လူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

**အားပေးစကားပြောကြား**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများကို ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂**

ကမ္ဘောဒီးယားနိုင်ငံက ဇွန် ၃ ရက်မှ ၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များ ကြိုဆိုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Sports Complex ၌ (Team Welcome Ceremony) ကြိုဆိုရေး အခမ်းအနားကို ကျင်းပသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ H.E. Hun Many (Member of the Cambodian National Assembly) က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စ်တေနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံတော်အလံများကို လွှင့်တင်ခဲ့ပြီးနောက် အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံများ၏ ကိုယ်စားလှယ်များက အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ ပြီးနောက် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖြူးမြို့နယ်၌ အခြေခံပညာကျောင်း ၂၁၃ ကျောင်းစတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၄၃၅၅၆ ဦး ပညာသင်ကြားလျက်ရှိ

**ဖြူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ အခြေခံပညာကျောင်း ၂၁၃ ကျောင်းစတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ဦးရေ ၄၃၅၅၆ ဦး စတင်ပညာသင်ကြားလျက်ရှိသည်။



ယခုနှစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၂၁၃ ကျောင်း၌ ကျောင်းအလိုက် ပညာသင်ကြားမှုမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူ ၄၂၇၃၀၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများတွင် ၄၀၈ ဦး၊ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် ၄၁၈ ဦး စုစုပေါင်း ၄၃၅၅၆ ဦး ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# စားရေရိက္ခာများ ဖြန့်ခွဲရာတွင် အမှန်တကယ်လိုအပ်ချက်ရှိသော နေရာဒေသများရှိ ဘေးဒဏ်သင့်ပြည်သူများထံသို့ ဦးစားပေးဖြန့်ခွဲနိုင်ရေး စီမံဆောင်ရွက်ပြီး ထောက်ပံ့ရေးပစ္စည်းများ အတင်အချနှင့် ပို့ဆောင်ဖြန့်ခွဲရာတွင် အချိန်ကြန့်ကြာမှုမရှိအောင်ဆောင်ရွက်

**စစ်တွေ ဇွန် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်တော်သာ(စစ်တွေ) - ရေချမ်းပြင် ရထားလမ်းပိုင်း၊ စစ်တွေမြို့ရှိ တက္ကသိုလ်များနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ပြည်တော်သာ (စစ်တွေ) ဘူတာသို့ ရောက်ရှိကြရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မိုခါမုန်တိုင်းဒဏ်ကြောင့် ပြည်တော်သာ(စစ်တွေ) - ရေချမ်းပြင် ရထားလမ်းပိုင်းအတွင်းရှိ ဘူတာများ၊ ဝန်ထမ်းနေအိမ်နှင့် မြန်မာ့မီးရထားပိုင် အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရထားပြေးဆွဲမှုနှင့် ရထားလမ်းပိုင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် ပြည်တော်သာ(စစ်တွေ) ဘူတာမှ ပြည်တော်သာ - စစ်တွေ - ဇောပူဂျာ - ရေချမ်းပြင် မီးရထားခရီးစဉ်ဖြင့် ရေချမ်းပြင်ဘူတာသို့ လိုက်ပါစီးနင်းပြီး မီးရထားလမ်းတစ်လျှောက် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဘူတာများနှင့် ရထားလမ်းတာပေါင် ပြိုကျနေမှုများကို အမြန်ပြုပြင်ဆောင်ရွက်ရန်၊ ရထားလမ်းပိုင်း တောင့်တင်းကြံ့ခိုင်စေရေး စစ်ဆေးပြုပြင်ဆောင်ရွက်ရန်၊ ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့သောကြောင့် တံတားများကြံ့ခိုင်မှုရှိစေရေး ပြန်လည်စစ်ဆေးပြုပြင်ရန်၊ ပျက်စီးသွားသည့် ဘူတာဆိုင်းဘုတ်များကို စနစ်တကျ ပြန်လည်တပ်ဆင်ရန်နှင့် ဘူတာအင်္ဂါရပ် စုံလင်အောင် ပြန်လည်စစ်ဆေးပြုပြင်ရန်၊ တက္ကသိုလ်ကျောင်းသားများ အများဆုံး အသုံးပြုလျက်ရှိသော လမ်းပိုင်းဖြစ်သောကြောင့် ရထားပြေးဆွဲချိန်များ မှန်ကန်စေရန်နှင့် ဘူတာများတွင် ခရီးသည်နားနေထိုင်ခုံများ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားမှုကို ပြုပြင်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါ ပြည်တော်သာ(စစ်တွေ)- ရေချမ်းပြင် ရထားလမ်းသည် ၁၁ ဒသမ ၄၆ မိုင်ရှိ၍ ၂၀၀၉ ခုနှစ် မေ ၁၉ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လမ်းပိုင်းအတွင်း ပြည်တော်သာ၊ စစ်တွေ၊ ဇောပူဂျာ၊ ရေချမ်းပြင်ဘူတာ ၄ ဘူတာနှင့် စစ်တွေတက္ကသိုလ်၊ မင်းဂံ၊ ဒါးပိုင်၊ ငပွန်းကြီး၊ မဲဇလီကုန်း ရပ်စခန်း ၅ ခု ထားရှိကာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူတို့၏ ခရီးသွားလာမှု အထောက်အကူဖြစ်စေရေးအတွက် ပြည်တော်သာ(စစ်တွေ) - ရေချမ်းပြင် ခရီးစဉ်ကို RBE ရထားဖြင့် နေ့စဉ် အသွားအပြန် နှစ်ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (စစ်တွေ) သို့ ရောက်ရှိပြီး စာသင်ခန်းများ ပြင်ဆင်ထားမှုအခြေအနေ၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေနှင့် သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို မေးမြန်းပြီး ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာသင်ဆောင်များနှင့် ဆက်စပ်အဆောက်အဦများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ပြုပြင်သွားမည့် အစီအမံများ၊ လက်ရှိသင်ကြားသင်ယူမှုပြုလုပ်နိုင်သည့် စာသင်ခန်းနှင့် ကျောင်းသားအရေအတွက်၊ ဆရာနှင့် ကျောင်းသားအချိုး စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် သွားလာရေးကိစ္စရပ်များကိုမေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်တွေတပ်နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ယာပုံ)** လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)သို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေ၊ ကျောင်းဆောင်နှင့် စာသင်ခန်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မေးမြန်းကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အလှူရှင်များ ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဗိုလ်ချုပ်ကြီး တင်အောင်စန်း **(ဝဲပုံ)**၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လှူဒါန်းပွဲတွင် ASIA DESTINY ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ရွှေရတီကြယ် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ အောင်မြင်မြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀ နှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)YRO က ဆန်အိတ် ၃၀ နှင့် ဆီ ၅၀ ကျပ်သားဘူး ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများ ထပ်မံရောက်ရှိမှု၊ ဖြန့်ခွဲသွားမည့် အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စားရေရိက္ခာများ ဖြန့်ခွဲရာတွင် အမှန်တကယ် လိုအပ်ချက်ရှိသော နေရာဒေသများရှိ ဘေးဒဏ်သင့်ပြည်သူများထံသို့ ဦးစားပေးဖြန့်ခွဲနိုင်ရေး စီမံဆောင်ရွက်ရန်၊ ထောက်ပံ့ရေးပစ္စည်းများ အတင်အချနှင့် ပို့ဆောင်ဖြန့်ခွဲရာတွင် အချိန်ကြန့်ကြာမှု မရှိအောင် ဆောင်ရွက်သွားရန် မှာကြားပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေးနှင့် လုပ်ငန်းများ လျင်လျင်မြန်မြန် ပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၁၅) ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ်(၁၅) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က Knowledge Sharing Programme (KSP) အသိပညာ မျှဝေခြင်းကြောင့် တစ်ဦးသိရှိထားသည့် အကြောင်းအရာများကို အများစုကို မျှဝေရခြင်းဖြစ်သည့်အတွက် အများသိစေခြင်း၊ အထူးသဖြင့် ဘာသာရပ်ဆိုင်ရာခေါင်းစဉ်များကို မျှဝေပေးခြင်းကြောင့် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် လုပ်ငန်းခွင်တွင် အမှားနည်းခြင်းဖြင့် အပေါင်းလက္ခဏာ ဆောင်သည့်အတွက် (Capicity) ကောင်းအောင်၊ ဝန်ထမ်းတစ်ဦးစီ၏ အရည်အချင်း တိုးတက်လာမည်ဖြစ်သည့်အတွက် လုပ်နိုင်ကိုင်နိုင်စွမ်း၊ လုပ်တတ်ကိုင်တတ်လာအောင် ဖြည့်ဆည်းပေးခြင်း စသည့် ရည်ရွယ်ချက်ဖြင့် Knowledge Sharing Programme (KSP) အသိပညာမျှဝေ ဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမည့်ခေါင်းစဉ်၌ အခြေခံဖြစ်သည့် အာဆီယံ ၁၀ နိုင်ငံ ဖွဲ့စည်းဖြစ်ပေါ်မှုနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ မတူကွဲပြားမှု အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက "အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများကို လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂**

ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ H.E.Mr. Namseok Yoo ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် **"Access to Justice: Constitutional Perspectives"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားသမ္မတ နိုင်ငံ ဆိုးလ်မြို့၌ တက်ရောက်သည်။

**အခြေခံမူများပြဋ္ဌာန်း**

အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်က **"Constitutional Rights Ensuring Access to Justice"** ခေါင်းစဉ်ဖြင့် စာတမ်းကိုဖတ်ကြားတင်ပြရာတွင် တရားမျှတမှုသည် ယဉ်ကျေးသော လူမှုအသိုက်အဝန်းအတွက် မရှိမဖြစ် လိုအပ်သည့်အရာဖြစ်ကြောင်း၊ တရားမျှတမှုရရှိစေရေးအား ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာအခွင့်အရေးတစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးဆွဲထားကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင်လည်း တရားမျှတမှုရရှိစေရေးနှင့် စပ်လျဉ်း၍ "နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း (Justice, Liberty and Equality) တည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်း သာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ဖော်ပြထားကြောင်း"၊ ထို့ပြင် ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ပေးရမည်ဟု မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားကြောင်း၊ နိုင်ငံသားများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) တွင် ထည့်သွင်းဖော်ပြထားကြောင်း၊ ထိုအခွင့်အရေးများကို ချိုးဖောက်ခြင်းခံရပါက နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားခြင်း နည်းလမ်းဖြင့် ကုစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အခြေခံမူများ အခန်းတွင်လည်း နိုင်ငံတော်က လိုက်နာဆောင်ရွက်ရမည့် အခြေခံမူများကို ပြဋ္ဌာန်းထားကြောင်း စသည်ဖြင့်ဖတ်ကြားတင်ပြသည်။



**အတွေ့အကြုံများဆွေးနွေး**

အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ အာရှဒေသ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ အသင်း (Association of Asian Constitutional Courts and Equivalent Institutions: AACC) ၏ အဖွဲ့ဝင်နိုင်ငံများအနက်မှ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး AACC အဖွဲ့ဝင်နိုင်ငံများအကြား တရားမျှတမှု ရရှိစေရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်အမြင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်မင်းနှင့်အတူ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမေဆုလှိုင်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရေးအစည်းအဝေးကျင်းပ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်

**နေပြည်တော် ဇွန် ၂**

ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရေး အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ သက်ဆိုင်ရာ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းရှင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

အစည်းအဝေးတွင် ပို့ကုန်လုပ်ငန်းများ တိုးတက်တင်ပို့နိုင်ရေး မြေပြင်အခြေအနေ၊ ကုန်စည်များ စိုက်ပျိုးမွေးမြူထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှု ပိုလျှံမှုအပေါ်တွင် ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် တရားမဝင်တင်ပို့မှုမရှိစေရေး၊ ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် အစီအမံများကို အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အလိုတော်ပြည့်ဆရာတော်အား ဖူးမြော် စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး၊ ရန်ပုံငွေပဒေသာဖျော်ဖြေပွဲ ကြည့်ရှုအားပေး





**ရန်ကုန် ဇွန် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် သက်တော် (၇၉)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာကျင်းပသည့် အလိုတော်ပြည့်ဆရာတော်ကြီးအား ဖူးမြော်ပြီး အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကာ ညပိုင်းတွင် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်ပူးပေါင်းတင်ဆက်သည့် ရန်ပုံငွေ ပဒေသာဖျော်ဖြေပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

**အလှူငွေပေးအပ်လှူဒါန်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ပြီး သက်တော် (၇၉)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူမင်္ဂလာကျင်းပသည့် အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ အပါအဝင် သာသနာရေးဆိုင်ရာများ လျှောက်ထား၍ သြဝါဒခံယူကာ ဆရာတော်မွေးနေ့အထိမ်းအမှတ် အလှူငွေ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

**စစ်မှန်သည့်စာပေဆု**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် ရွေးချယ်မည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအတွက် အဖွဲ့များ ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများမှာ ပဏာမအဆင့် ဆောင်ရွက်ပြီးစီးနေပြီကို တွေ့ရှိရကြောင်း၊ စစ်မှန်သည့် စာပေဆုနှင့် စာမူဆုများ ပေးနိုင်ရန် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ဆွေးနွေးပေးစေလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ထုတ်ဝေသည့် စာအုပ်များ မကျန်ရှိစေရန် ပညာရှင်ကြီးများ အနေဖြင့်လည်း စိစစ်ပြီး ဆောင်ရွက်စေလိုပါကြောင်း၊ စာပေနှင့် ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ပခုက္ကူဦးအုန်းဖေ တည်ထောင်သော စာပေဆုပေးပွဲကိုလည်း နေပြည်တော်တွင် ကျင်းပရန်ရှိပါကြောင်း။

စာပေနှင့် လူငယ်ကဏ္ဍ တိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများက စာပေဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ လူငယ်များအတွေးမှန်၊ အမြင်မှန်ရရှိစေမည့် စာအုပ်များကို ရေးသားထုတ်ဝေစေလိုပါကြောင်း၊ ခေတ်နှင့် လျော်ညီသည့် စာပေများ ပေါ်ထွန်း လာစေလိုပါကြောင်း၊ စာပေကဏ္ဍကို ယခုထက်မက မြှင့်တင်နိုင်ရန် ဆောင်ရွက်စေလိုပါကြောင်း၊ ယခုနှစ်ပေးအပ်မည့် စာပေဆုများကို အတတ်နိုင်ဆုံး၊ အမှန်ကန်ဆုံး၊ စိစစ်ပြီး ပေးသင့်ပေးထိုက် ရသင့်ရထိုက်သူများ ရစေလိုပါကြောင်း ပြောကြားသည်။

**စာပေဆုများစိစစ်ရွေးချယ်**

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများ စိစစ်ရွေးချယ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဆရာဦးစိန်လှိုင် (သုရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာဦးအုန်းမောင် (မြင်မှုမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသူများက ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ရန်ပုံငွေပဒေသာကပွဲ**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများနှင့်အတူ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ညနေ ၆ နာရီတွင် ဖျော်ဖြေမှုအစီအစဉ်များကို စတင်ရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဧည့်ခံတီးလုံးဖြင့် စတင်ဖွင့်လှစ်ပြီး ပဏာမအဖွင့်တီးလုံးဖြင့် ဆက်လက်ဧည့်ခံသည်။

ထို့နောက် ရခိုင်စည်တော်၊ အပျိုတော်လမိုင်း အကတို့ဖြင့် ဖျော်ဖြေပြီး ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ ကျော်ကျော်၊ ဘုန်းလျှံ၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ခိုင်နှင်းဝေ၊ ဆောင်းအိန္ဒြေထွန်း၊ ဆုမြတ်နိုးဦး၊ ရွှေမန်းချမ်းသာ၊ ဝင်းနောင်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ဇံဟိန်း၊ တခိုင်လုံးရွှေအေးအေးမြင့်၊ နန်းခင်မွေး၊ ချယ်ရီသင်း၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ မြင့်မိုရ်သွန်းခ၊ ထက်ထက်စိုးစံ၊ နှင်းထက်ရွှေရည်၊ စိုးယုနန္ဒာ၊ ဖြိုးသဇင်၊ အောင်ကိုကို၊ ချစ်ကိုကို၊ မျိုးခန့်မောင်မောင်၊ အောင်ထူးစံနှင့် မြတ်မင်းခေါင်တို့က မြူးကြွလှပ သံစဉ်များဖြင့် သီဆိုဖျော်ဖြေကြသည်။

**သီဆိုဖျော်ဖြေ**

ဆက်လက်၍ တေးသံသာကဏ္ဍတွင်မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ပူစူး၊ ဖြိုးမြတ်အောင်၊ ခင်မောင်ထူးတို့ကလည်းကောင်း၊ ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများဖြစ်သည့် တိမ်လွှာမို့မို့လွင်၊ ကျောက်ခဲနှင့် တစ်ပြည်သူမရွှေထား တေးသီချင်းတို့ကို သာထက်၊ ရန်အောင်၊ ရဲအောင်တို့ကလည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဟာသပညာရှင်များအစည်းအရုံး ဦးငြိမ်းချမ်းနှင့်အဖွဲ့က ဟာသရွှင်ပြုံးစေသည့် အစီအစဉ်ဖြင့်လည်းကောင်း၊ ပတ္တမြားဒေဝီ စောမဲကျီ၏ ရခိုင်တေးသီချင်းများဖြစ်သည့် စိမ်းလဲ့လဲ့၊ သရုပ်ဆောင်ဘုန်းလျှံ၊အာရိယန်နှင့် ဟီလာရီစိုးတို့ကလည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ရွှေမန်းသူ မြင့်မြင့်ခင်၊ ဦးမိုးဒီ၊ တိမ်ညွန့်၊ ဦးချစ်စရာနှင့် ဦးချိုတူးတို့က မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းတေးအော်ပရာဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ မီးနိုနှင့် ရဲရင့်အောင်တို့က တေးသံသာကဏ္ဍဖြင့် လည်းကောင်း၊ ကိုမြင့် (သမန်းကျား) အဖွဲ့က တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ မီးခွက်စောင့်ကျွန်း ပြဇာတ်တွင် ဖေဒါ၊ ရဲလေးမနှင့်အဖွဲ့၊ ချစ်စု၊ မိုးသုခနှင့် ဝေယံဟိန်းတို့ကလည်းကောင်း၊ တေးသံသာဖျော်ဖြေမှုတွင် နီနီခင်ဇော်နှင့် နေမင်းအိမ်တို့ကလည်းကောင်း ဖျော်ဖြေကြပြီး ယနေ့ရန်ပုံငွေဖျော်ဖြေပွဲကြီး၏ အပိတ်ဖျော်ဖြေမှုအဖြစ် ဒါရိုက်တာ ကျော်ဇောဟိန်း (အတွေးပုံရိပ်) ၏ "ကူညီပေးကြပါ" ပြဇာတ်အား ရုပ်ရှင်၊ ဂီတ၊ သဘင်တို့စုပေါင်းအားဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်ကြသည်။

**အလှူငွေများထည့်ဝင်**

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီးဖျော်ဖြေပွဲကြီးတွင် သဒ္ဓါတရားထက်သန်ကြသည့် ပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ပဒေသာကဇာတ်ရုံဝင်ပေါက် ကြိုဆိုရေးနေရာအနီး၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင် (ငွေ-ရွှေ-စိန်) ရတုသမိုင်းစဉ်များ၊ သမိုင်းဝင် ဒါရိုက်တာကြီးများ၏ အဆိုအမိန့်စာအုပ်များ၊ ရာပြည့်မဂ္ဂဇင်းနှင့် ပိုစတာများ အရောင်းဌာနတွင်လည်း လာရောက်ကြည့်ရှု အားပေးကြသည့် ပြည်သူများက ဝယ်ယူအားပေးမှုနှင့်အတူ လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်ကြသည်။

ရန်ပုံငွေ ပဒေသာကပွဲကို ယနေ့မှ ဇွန် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဝင်မောင်နှမများက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဦးအောင်ဆွေဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စနစ်သစ် Grade-12 စာသင်ခန်းမှ ကျောင်းသား ကျောင်းသူများကို ဇီဝဗေဒဘာသာရပ် သင်ကြားသင်ယူနေမှုနှင့် ပတ်သက်၍ ကျောင်းသင်ခန်းစာပါ Metabolism မှ Catabolism နှင့် Anabolism အကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများ အနေဖြင့် Grade-12 ကို ထူးထူးချွန်ချွန်အောင်မြင်ရေးအတွက် တစ်နေ့စာ တစ်နေ့ ကျေညက်အောင် ကြိုးစားလေ့လာကြစေလိုပါကြောင်း၊ ပညာရည်မြင့်မားမှသာ မိမိဘဝ၊ မိမိနိုင်ငံကို တိုးတက်မြင့်မားစေမည်ဖြစ်ပါကြောင်း၊ စာတတ်ရုံမျှမက မိမိနိုင်ငံနှင့် လူမျိုးကို တန်ဖိုးထားသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်များလည်း ရှိကြရန်လိုပါကြောင်း၊ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများအားလုံး ဉာဏ်ရည်မတူနိုင်သော်လည်း ဝီရိယထား၍ ကြိုးစားခွင့်တူညီစွာရှိနေသည့်အတွက် အားလုံးကြိုးစားကြစေလိုပါကြောင်း အားပေးစကားပြောကြားကာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇွန် ၂**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းသားသမီးများအား ကျောင်းဖွင့်ရာသီတွင် အချိန်အခါ ရှိခိုက် လှုံ့လစိုက်၍ ကျောင်းနေပျော်၍ပညာတော်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးထောက်ပံ့မှုများရှိသလို ဝန်ကြီးဌာနအနေဖြင့်လည်း နှစ်စဉ် ပညာသင် ထောက်ပံ့ကြေးပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူ လေးများကလည်း နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုးကို သယ်ပိုးထမ်းရွက်နိုင်သူများဖြစ်အောင် ကြိုးစားစေလိုပါကြောင်း။

နိုင်ငံတိုင်း နိုင်ငံတိုင်း မိမိတို့နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ် (Humen Resources) ကို အဓိကအဖြစ် လက်ခံထားကြကြောင်း၊ လူသားအရင်းအမြစ်ဟူသည် “ပညာ” အပေါ် အဓိကမူတည်၍ တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးကို အဓိကအလေးထား လုပ်ဆောင်ကြသည်ကို သိရှိရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူလေးများအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် အားကိုးအားထားပြုရသော ဉာဏ်ပညာထူးချွန်ထက်မြက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ဆတက်ထမ်းပိုးကြိုးစားကြရန် လိုပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် (၁၂) ရပ်အနက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဟူသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူလေးများအနေဖြင့် ဘက်စုံထူးချွန်အောင် လေ့လာလေ့ကျင့်သင်ယူ၍ ကြိုးစားဆောင်ရွက်ကြရန် အလေးအနက် မှာကြားလိုပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် မူလတန်း ၅၇၂ ဦး၊ အလယ်တန်း ၂၃၈ ဦး၊ အထက်တန်း ၂၄၉ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၀၅၉ ဦးကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးမြှင့်တင်ရေး ဆွေးနွေး

**ပဲခူး ဇွန် ၂**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးမြှင့်တင်ရေး ဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲဆက်လက်ကျင်းပရာ ဒုတိယရဲမှူးကြီး မြင့်စိုးက “ငွေကြေးခဝါချမှုတိုက်ဖျက်ရေး” အကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က “ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ” အကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က “Offisite/Onsite Supervision” အကြောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး)များ၊ မြို့နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) များ၊ ခရိုင်/မြို့နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့် ခရိုင်/မြို့နယ် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများ တက်ရောက်ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**လယ်ဝေး ဇွန် ၂**

နေပြည်တော် လယ်ဝေးမြို့နယ်၌ ပန်းခင်း(၂) စီမံချက်ဖြင့် ယနေ့ နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။**(ယာပုံ)**

အဆိုပါ လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စု ပတ္တာကျေးရွာ၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



လယ်ဝေးမြို့နယ် ရှားချောင်းအုပ်စု ပတ္တာကျေးရွာမှ ပြည်သူ ၂၇ ဦးနှင့် စံဝါအောင်း (အ.လ.က၊ ခွဲ)မှ ကျောင်းသားကျောင်းသူ ၅၀ စုစုပေါင်း ၇၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေကြည် (ပြန်ဆက်)**

## အင်းတော်မြို့နယ်၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

**အင်းတော် ဇွန် ၂** - စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အင်းတော်မြို့နယ်အနေဖြင့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ မူလတန်းကျောင်း စုစုပေါင်း ရှစ်ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၃၇ ဦး လာရောက်အပ်နှံထားရှိကြောင်း၊ ကျောင်းသို့လာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများဖြစ်သည့် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း အင်းတော်မြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါဖွင့်လှစ်သင်ကြားသည့် အခြေခံပညာကျောင်းများသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**လှအောင်(ကသာ)**

## အသိပေး နှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော် (၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဇန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ဇန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဇန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဇန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် -

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ်- ၀၉-၄၄၁၀၁၉၂၈၃
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်- ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ မန္တလေးတိုင်းဒေသကြီး ဇန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အရိုးဓာတ်ပြာတော် ရေမျှောပူဇော်မည့်အခမ်းအနား ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု

**မန္တလေး ဇွန် ၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနားကို ဇွန် ၆ ရက် ညနေပိုင်းတွင် ဇန်းမော်ကျောင်းတိုက်ရှိ အေးကမ္ဘာဗိမာန် ယာယီစံကျောင်းတော်မှ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ပင့်ဆောင်၍ လောင်တိုက်တော်၌ တေဇောဓာတ်မီးပူဇော်ပြီး ဇွန် ၇ ရက် နံနက်ပိုင်းတွင် အရိုးဓာတ်ပြာတော်များအား ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်သွားမည့် အခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ရှိ ဓမ္မစေတီယကျောင်းသို့ သွားရောက်ကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ





နှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်တို့ကို ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာသဘင်အခမ်းအနားအား နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ သာသနာရေးထုံးတမ်းစဉ်လာများအတိုင်း အဆင်ပြေချောမွေ့စွာဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အစီအမံများ၊ ဥတုဇရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်မှ ချမ်းမြသာစည် လေဆိပ်ဟောင်းသို့ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်၍ လောင်တိုက်ပြာသာဒ်၌ တေဇောဓာတ်ပူဇော်ခြင်း၊ အရိုးဓာတ်ပြာတော်အိုးများကို ချမ်းမြသာစည် လေဆိပ်ဟောင်းမှ ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်းရှိ ကရဝိက်ဖောင်တော်ရေယာဉ်ပေါ် ပင့်ဆောင်ပူဇော်ခြင်းနှင့် မြစ်အတွင်းရေမျှောပူဇော်ခြင်း အခမ်းအနားများအတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိမှုများကို လျှောက်ထားတင်ပြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အရိုးဓာတ်ပြာတော်ရေမျှောပူဇော်မည့် ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်းနေရာသို့ ရောက်ရှိပြီး အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် မြစ်အတွင်း အရိုးဓာတ်ပြာတော်အိုးများ ပင့်ဆောင်မည့် ကရဝိက်ဖောင်တော်ရေယာဉ်ကြီး ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ (**အပေါ်ပုံ**) တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်၊ ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ၏ အန္တိမ စျာပန ပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက်များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဇန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ (၃-၆-၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊
(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ (၄-၆-၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊
(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ (၅-၆-၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

**တရားပွဲဖြစ်မြောက်ရေးကော်မတီ**

## သဃာင်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ဘွဲ့ရသင်တန်းနှင့် ပုံမှန်သင်တန်းများ စတင်ဖွင့်လှစ်

**ရန်ကုန် ဇွန် ၂**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန အောက်ရှိ



သဃာင်းကျွန်းပညာရေး ဒီဂရီကောလိပ်၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT ၉/၂၃)နှင့် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ် နေ့သင်တန်း ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ် (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)သင်တန်းများကို ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီး PPTT(၉/၂၃) သင်တန်းသားဦးရေ ၆၅၇ ဦးနှင့် ပညာရေးဒီဂရီကောလိပ် နေ့သင်တန်းသားဦးရေ ၃၈၃ ဦးတို့ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။ **ကိုဘုန်း(သဃာင်းကျွန်း)**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇွန် ၂**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးချခွင့်လျှောက်ထားသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီ၏ တာဝန်လုပ်ပိုင်ခွင့်နှင့်အညီ ခွင့်ပြုချထားပေးလျက်ရှိကြောင်း။

အဆိုပါလုပ်ကိုင်ခွင့် ချထားပေးနေမှုများအပေါ် လုပ်ကိုင်ခွင့်ရရှိသူများအနေဖြင့် ခွင့်ပြုခွင့်ချထားပေးသည့် လုပ်ငန်းများကို သတ်မှတ်နှစ်ကာလအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် ကောက်ခံသည့် မြေခွန်တော်များမှာ တစ်ဧကလျှင် စိုက်ပျိုးရေးဖြစ်ပါက နှစ်ရှည်သီးနှံအတွက် ငွေကျပ် ၃၀၀၀၊ ဥယျာဉ်ခြံသီးနှံအတွက် ငွေကျပ် ၂၀၀၀၊ ရာသီသီးနှံအတွက် ငွေကျပ် ၁၀၀၀ ၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူပါက ငွေကျပ် ၃၀၀၀၊ အခြားတိရစ္ဆာန်မွေးမြူပါက ငွေကျပ် ၁၀၀၀၊ ဓာတ်သတ္တုအပါအဝင် အခြားလုပ်ငန်းများဆိုပါက ငွေကျပ်၅၀၀၀ မျှသာဖြစ်၍ လက်ရှိကာလအခြေအနေအရ များပြားခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမှန်တကယ် လုပ်ငန်းဆောင်ရွက်သူများအတွက် အလွယ်တကူပေးဆောင်နိုင်သည့် ပမာဏမျှသာဖြစ်၍ သတ်မှတ်မြေခွန်တော်ကို ကြွေးကျန်မရှိစေဘဲ အပြည့်အဝ ပေးသွင်းကြစေရန်နှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာလိုက်နာရန် လုပ်ကိုင်ခွင့် အသုံးပြုခွင့်ရရှိသူများနှင့် တွေ့ဆုံချိန်များ၌ သတိပေးပြောကြားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဆွေးနွေးမည့် အကြောင်းအရာများကို တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာတစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယနေ့ကျင်းပသည့် ဗဟိုကော်မတီအစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း ၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိမှုများအပေါ် စည်းကမ်းချက်နှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် အထူးအဖွဲ့ ဖွဲ့စည်းပေးရန်ကိစ္စရပ်၊ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းကို စိစစ်ရန် သီးခြားအဖွဲ့များ ဖွဲ့စည်းပေးရန်ကိစ္စရပ်၊ ယခင် ဗဟိုအဖွဲ့ - ဗဟိုကော်မတီတို့မှ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသည့် မြေများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပြန်လည်အပ်နှံနိုင်ရေးကိစ္စရပ်၊ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် အမိန့်စာမူရင်း ပျောက်ဆုံးသွားသဖြင့် ဒုတိယမူရင်း သို့မဟုတ် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် တင်ပြခြင်းကိစ္စရပ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများက မြန်မာ့စီးပွားရေးဘဏ်သို့ မြေခွန်ပေးသွင်းထားခြင်းကိစ္စရပ်နှင့် ကြွေးကျန်ဖြစ်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များအနေဖြင့် အမြန်ဆုံးပေးသွင်းရေးအတွက် တိုက်တွန်းသတိပေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀ / ၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်



**နေပြည်တော် ဇွန် ၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၀/၂၀၂၃) ရဲသိပ္ပံတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအားစစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဌေးလွင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နှင်းအိန္ဒြေချမ်းမြေ့သူ၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စုန္ဒာ၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဌေးလွင်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နှင်းအိန္ဒြေချမ်းမြေ့သူ တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်း ဒုရဲအုပ်လောင်းများ အနေဖြင့် တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး အဆင့်ဆင့်ကွပ်ကဲ အုပ်ချုပ်မှုများကိုလည်း စည်းကမ်းတကျဖြင့် တိုးတက်အောင်မြင်အောင် ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူတို့ဘဝ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရေး ဆိုသည့် ရည်မှန်းချက်တာဝန် (၄)ရပ်ကို အလေးထားအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့်အတူ လက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေရသလို နယ်စပ်ဒေသများမှာပါ လုံခြုံရေးကို ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိရမည်ဖြစ်ပြီး ပူးပေါင်း ဆောင်ရွက်တတ်သည့် စိတ်ဓာတ်၊ အမိန့်နာခံတတ်သည့် စိတ်ဓာတ်ရှိဖို့ လိုအပ်ကြောင်း၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် အဓိကကျခြင်းကြောင့် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ပူးပေါင်းတိုက်ဖျက်သွားရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၁၂) ရပ် ချမှတ်ကာ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ရဲတပ်ဖွဲ့ဝင်များမှလည်း မိမိတို့ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်သွားကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင် ပါရှိသည့် **“နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်”** ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိ နိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ် (၁၁၀) ရဲသိပ္ပံတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၃၁ ဦး၊ တပ်ပြင်ဘွဲ့ရ အမျိုးသား နှစ်ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၀၈ ဦး၊ တပ်ပြင်ဘွဲ့ရ အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၄၂ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်  ဇွန် ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၇၅၅ ပါး/ဦးအနက် ၁၇၂၉ ပါး/ဦး အောင်မြင်၍ ၂၆ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၅၂၀၁ ပါး/ဦးအနက် ၂၅၂၉ ပါး/ဦး အောင်မြင်၍ ၄၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၃၅၇၃ ပါး/ဦးအနက် ၆၄၃၈ ပါး/ဦး အောင်မြင်၍ ၄၈ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၀၅၃၁ ပါး/ဦးအနက် ၁၁၂၉၄ ပါး/ဦး အောင်မြင်၍ ၅၅ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမကြီးတန်း ပထမ (ပထမကျော်) | စက-၂၁၇ | အရှင်ဣန္ဒဝီရာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမကြီးတန်း ဒုတိယ | စက-၂၁၁ | အရှင်ဓမ္မရတာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမကြီးတန်း တတိယ | စက-၂၂၆ | အရှင်ဉာဏသိရီလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၄။ | ပထမကြီးတန်း (သီလရှင်) ပထမ | စက-၃၂၈ | မစျာနပဘာ | သကျဓိတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမလတ်တန်း ပထမ | စက-၅ | အရှင်ဇာဂရဓမ္မာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမလတ်တန်း ဒုတိယ | ဟ-၁၆ | အရှင်ဝါသေဋ္ဌ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့ |
| ၃။ | ပထမလတ်တန်း တတိယ | စိန်-၃ | အရှင်စန္ဒသိရီလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၄။ | ပထမလတ်တန်း (သီလရှင်) ပထမ | စက-၁၈၁ | မဇဝနညာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမငယ်တန်း ပထမ | စိန်-၉ | ရှင်ပညာနန္ဒာစာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၂။ | ပထမငယ်တန်း ဒုတိယ | စက-၇၆ | အရှင်ဝေဠုရိယာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမငယ်တန်း တတိယ | ညတ-၃၃ | ရှင်ပဏ္ဍာဝ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၄။ | ပထမငယ်တန်း (သီလရှင်) ပထမ | ပသက-၁၁၅ | မက္ကန္ဒမာလာ | ချမ်းမြရံသီ သီလရှင်စာသင်တိုက်၊ ပုသိမ်ကြီးမြို့ |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | အခြေပြုမူလတန်း ပထမ | ညတ-၄၁ | ရှင်ပဏ္ဍိတ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၂။ | အခြေပြုမူလတန်း ဒုတိယ | မုံ-၁၇၉ | ရှင်ဉာဏဓဇ | သာသနာ့ရောင်ခြည်ကျောင်း၊ မုံရွာမြို့ |
| ၃။ | အခြေပြုမူလတန်း တတိယ | နတ်-၄၇ | ရှင်စာရိတ္တ | ဒီပင်္ကရာကျောင်းတိုက်၊ နတ်မောက်မြို့ |
| ၄။ | အခြေပြုမူလတန်း (သီလရှင်) ပထမ | စက-၆၅၀ | မတိက္ခညာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

၁၃၈၄ ခုနှစ် (၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာနှင့်ကျောင်းပေါင်း ၃၂၆၂ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၉၁၄၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**ရန်ကုန်  ဇွန်  ၂**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၌ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ဇွန် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းနှင့် ကျောင်းပေါင်း ၃၂၆၂ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ ၉၁၄၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

ရန်ကုန် တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၇၄၉ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၃၀၊ ကိုယ်ပိုင်အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၈၃ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူများ ဇွန် ၁ ရက်မှစ၍ တက်ရောက်သင်ကြားလျက် ရှိသည်။



ဇွန် ၁ ရက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သောနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် အခြေခံပညာကျောင်းများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၌ စတင်တက်ရောက် ပညာသင်ယူကြသည့် ကျောင်းသားကျောင်းသူများကို တွေ့ဆုံအားပေး၍ လိုအပ်သည်များကို ထောက်ပံ့ကူညီကြသည်။




ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ယမန်နှစ်ကျောင်းဖွင့်ရာသီထက် ကျောင်းသား ကျောင်းသူတက်ရောက်မှု တိုးလာခဲ့ပြီး နိုင်ငံတော်မှ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရာ၌ ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်အဖြစ် ပညာသင်ကြားသော ကျောင်းသားဦးရေ တိုးမြင့်လာခဲ့ခြင်းဖြစ်ရာ ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း ၃၂၆၂ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၉၉၀၆၂၉ ဦး အပ်နှံထား၍ ၉၁၄၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက် ရှိကြောင်း သတင်းရရှိသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

**နေပြည်တော်  ဇွန်  ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲအနေဖြင့် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် တောင်သူများအတွက် သွင်းအားစုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်အုပ်စုများအလိုက် ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင် ဘဏ်ခွဲအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၈ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံတစ်ဧကလျှင် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးလျက်ရှိပြီး တောင်သူတစ်ဦးကို စိုက်ပျိုးမြေဧက ၁၀ ဧကအထိ ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင် ဘဏ်ခွဲအနေဖြင့် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ဇေယျာသီရိမြို့နယ်မှ ကျေးရွာအုပ်စု ၁၃ အုပ်စုတို့မှတောင်သူပေါင်း ၆၀၀၀ အတွက် ချေးငွေပေါင်း ၂၈၀၀၀၀ ဒသမ ၀၀ သိန်းထုတ်ချေးပေးရန် လျာထားလျက်ရှိရာ ယနေ့တွင် ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စုရှိ တောင်သူ ၁၉ ဦး၏ စပါးစိုက်ပျိုးဧက ၁၈ ဧကနှင့် နှမ်းသီးနှံစိုက်ပျိုးဧက ၅၀ အတွက် ချေးငွေစုစုပေါင်း ၇၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးငွေပေါင်း ၁၉၄၄ ဒသမ ၅၀ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်ထွေးထွေးသိန်းထံမှ သိရသည်။

**ဇော်ဘီ**

# ရခိုင်ပြည်နယ်အတွင်းရှိ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား ဂါရဝပြုစားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ရိပ်သာတွင် နေထိုင်လျက်ရှိသော အဘိုးအဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌက မုန်တိုင်းဝင်ရောက်မှု မဖြစ်ပေါ်သေးခင် အချိန်တွင် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်အရ အဘိုးအဘွားများအား ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းပေးမှုအခြေအနေများ၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ဘိုးဘွားရိပ်သာဝင်းအတွင်း သစ်ပင်/သစ်ကိုင်းများ ပြိုလဲကျိုးကျမှုများ၊ အဆောက်အအုံများ အမိုးလန်ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းတို့မှ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်အဖွဲ့ဝင်များက အဘိုးအဘွား ၃၉ ဦးတို့အား စားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းရာ အဘိုးအဘွားများက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။ ထို့ပြင် စစ်တွေတပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အထွေထွေရောဂါများနှင့်ပတ်သက်၍ ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်(MLCA)မှ ချက်ပြုတ်လှူဒါန်းသည့် ဒံပေါက်ထမင်း/ဟင်းလျာဘူးများကို အဘိုးအဘွားများနှင့် ရိပ်သာဝန်ထမ်းများအတွက် ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်တွေမြို့ မဟာဇေယျသိဒ္ဓိ အဓိဌာန်ကျောင်းတိုက်နှင့် တောင်ရွှေရွာကျောင်းတိုက်များသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်အဖွဲ့ဝင်များသည် မုန်တိုင်းသင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။



ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားများ ပြောကြားသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြင်ဖြူမော်ရပ်ကွက်ရှိ ရေထိန်းတမံ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လှအေးနှင့် တာဝန်ရှိသူများသည် ဆိုင်ကလုန်းရှယ်တာ(Cyclone Shelter)များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်တွင် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ယနေ့နံနက်ပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများ စာရင်းအမှန်ရရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာများသို့ စာရင်းကောက်အဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် တာဝန်ရှိသူများနှင့်အတူ ညနေပိုင်းတွင် စစ်တွေမြို့နယ်အတွက် ခွဲဝေရရှိထားသော သစ်ခွဲသားများအား မြို့နယ်အဆင့် တာဝန်ရှိသူများမှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ စနစ်တကျ ဖြန့်ခွဲပေးဝေနေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်တော်မြို့၊ မှန်ကျောင်း ကျောင်းတိုက်သို့ သွားရောက်၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များ ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### ဂျပန်နိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လေကြောင်းနှင့် ရထားလိုင်းပြေးဆွဲမှုများ ရပ်နားထားခဲ့ရ

**တိုကျို ဇွန် ၂**

ဂျပန်နိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သယ်ယူပို့ဆောင်ရေး အော်ပရေတာအချို့မှာ ဝန်ဆောင်မှုလုပ်ငန်းများ ဆိုင်းငံ့ခဲ့ရသည်။ တိုကိုင်းဒိုး ရှင်ကန်ဆန် ကျည်ဆန်ရထား ပြေးဆွဲမှုကို ဆိုင်းငံ့ခဲ့ရသည်ဟု ဂျပန်နိုင်ငံအလယ်ပိုင်း မီးရထားလိုင်းက ပြောသည်။ ညနေ ၅ နာရီနောက်ပိုင်းမှသာ ဆန်ယိုရှင်ကန်ဆန် ကျည်ဆန်ရထားပြေးဆွဲမှုကို ပြန်လည် ပြုလုပ်နိုင်ခဲ့ကြောင်း၊ တိုကိုင်းဒိုးရှင်ကန်ဆန် ကျည်ဆန်ရထား ပြေးဆွဲမှုကိုမူ ရပ်နားထားခဲ့ရသည်ဟု သိရသည်။

တိုကျိုမြို့ ရှင်ဂျူကူဘူတာရုံနှင့် မက်ဆုမိုတို ဘူတာရုံတို့ကို ဆက်သွယ်ထားသည့် အမြန်ရထားလိုင်းကို ဆိုင်းငံ့သွားမည်ဟု အရှေ့ဂျပန်မီးရထားလိုင်းက ပြောသည်။ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လေကြောင်းလိုင်း ပြေးဆွဲမှုများလည်း အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ရသည်။

ပြည်တွင်းလေကြောင်း ခရီးစဉ် ၂၆၀ ကို ဖျက်သိမ်းခဲ့ရသည် ဟုသိရသည်။ ဂျပန်လေကြောင်းလိုင်းမှ ခရီးစဉ်ပေါင်း ၁၁၇ ခုကို ဖျက်သိမ်းခဲ့ရပြီး နီပွန်အဲဝေးမှ ခရီးစဉ် ၇၅ ခု ဖျက်သိမ်းခဲ့ရသည်။ အခြားသော လေကြောင်းလိုင်းများကလည်း ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

### နော်ဝေ၌ အခြေချနေထိုင်ရန် ဒုက္ခသည် ၁၀၀ ကျော် လစ်ဗျားမှထွက်ခွာ

**ထရီပိုလီ ဇွန် ၂**

နော်ဝေနိုင်ငံ၌ အခြေချမည့် ဒုက္ခသည် ၁၀၀ ကျော်မှာ လစ်ဗျားနိုင်ငံမှ ထွက်ခွာသွားပြီဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇွန် ၁ ရက်တွင် ပြောသည်။ ရိုမေးနီးယားရှိ အရေးပေါ်ထွက်ပေါက်မှတစ်ဆင့် ဒုက္ခသည် ၁၀၀ ကျော် မေ ၃၁ ရက်တွင် နော်ဝေနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

အဆိုပါဒုက္ခသည်များမှာ ဆူဒန်၊ ဆီးရီးယား၊ တောင်ဆူဒန်၊ ဆိုမာလီယာနှင့် ယီမင်နိုင်ငံတို့မှ ဖြစ်သည်။ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြသည်။ ၂၀၁၇ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ဒုက္ခသည် ၃၄၀၀ ကို ဥရောပ၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံများသို့ အခြေချနေထိုင်နိုင်ရန် ပို့ဆောင်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မိုးလေဝသခန့်မှန်းချက်များအကြောင်း သိကောင်းစရာ

(မိုး/ဇလ)

ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် နှစ်စဉ် အသက်အိုးအိမ်စည်းစိမ်များစွာ သေကျေပျက်စီးဆုံးရှုံးကြလျက်ရှိပါသည်။

မြန်မာနိုင်ငံသည်လည်း ရေဘေး၊ ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မြေပြိုခြင်းဘေး၊ မုန်တိုင်း ဒီရေမြင့်တက်ခြင်းဘေး၊ မီးဘေး၊ မိုးခေါင်ရေရှားဘေး စသည့် သဘာဝဘေးအန္တရာယ်များ သက်ရောက်လေ့ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များအား လူမှုစီးပွားရေးနယ်ပယ်အသီးသီးတွင် ဘေးအန္တရာယ်လျှော့ချရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့တွင် အထောက်အကူပြုရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်ပြီးပါက နိုင်ငံများသည် မူလအနေအထားသို့ ပြန်လည်ရောက်ရှိရေးအတွက် လူအင်အား၊ ငွေအင်အားများစွာဖြင့် အချိန်ယူ၍ ပြန်လည်တည်ဆောက်ကြရပါသည်။ ထို့ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးသည် လွန်စွာအရေးကြီးလှပါသည်။ ယခုအချိန်ကာလသည် သတင်းအချက်အလက် နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည့် ကာလဖြစ်သည့်အတွက် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များ၊ ခန့်မှန်းချက်များအား Social Media၊ ဝက်ဘ်ပေ့ချ်(Web Page)များမှတစ်ဆင့် လွယ်ကူစွာရယူပြီး ခိုင်မာမှုမရှိသေးသော သတင်းအချက်အလက်များကို ကြိုတင်ခန့်မှန်းရေးသားဖော်ပြလျက်ရှိနေသည်ကို မကြာခဏတွေ့ရှိနေရမည် ဖြစ်ပါသည်။

ခိုင်မာမှန်ကန်သေချာသော ခန့်မှန်းချက်များဖြစ်ပါက ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည်ဖြစ်သော်လည်း မှန်ကန်သေချာမှုမရှိသော ခန့်မှန်းချက်များ ပြည်သူလူထုထံ ရောက်ရှိသွားမည်ဆိုပါက မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ကာ အစားအသောက်၊ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို စိုးရိမ်စိတ်ဖြင့် ကြိုတင်ဝယ်ယူစုဆောင်းကြသည့်အတွက် နောက်ဆက်တွဲအနေဖြင့် မလိုလားအပ်သော ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာပြီး ငွေကုန်ကျမှုများစွာ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် တိကျမှန်ကန်သေချာစွာ ထုတ်ပြန်ပေးနေသည့် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ချက်များကို စောင့်ကြည့်ရယူပြီး လိုက်နာဆောင်ရွက်သင့်လှပါသည်။

**ကြိုတင်သတိပေးခန့်မှန်းခြင်းဆိုင်ရာလုပ်ငန်းများ**

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကို ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နေ့စဉ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းခြင်းများအပြင် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်း ဒီရေဝင်ရောက်ခြင်း၊ ဆူနာမီရေလှိုင်းဝင်ရောက်ခြင်း စသည့် သဘာဝဘေးများအတွက် ကြိုတင်သတိပေးခန့်မှန်းချက်များကို အချိန်မီထုတ်ပြန်ပေးနိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနကို နေပြည်တော်တွင် ထူထောင်ထားရှိပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူလျက် မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအမျိုးမျိုးတို့အတွက် ကြိုတင်သတိပေးချက်များ၊ ခန့်မှန်းချက်/ အခြေအနေသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့နောက် သက်ဆိုင်ရာလုပ်ငန်း/ဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း၊ ပြည်သူလူထုကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် တရားဝင်ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘွတ်များမှ ထုတ်လွှင့်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူလူထုထံသို့ အချိန်မီရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သတိပေးချက်/ ခန့်မှန်းချက်များကို အလိုအလျောက် ဖြေကြားသည့်စနစ်နှင့် လက်ကိုင်ဖုန်းများသို့ သတင်းတိုပေးပို့ခြင်းစနစ် (Short Message Service–SMS)တို့ဖြင့် ပေးပို့ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

**“ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဖြစ်ပေါ်စဉ် ခန့်မှန်းချက်များထုတ်ပြန်ရာ၌ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော ဒေသတွင်း မုန်တိုင်းအထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြုလေ့လာ ဆန်းစစ်မှုများပြုလုပ်ခဲ့သည့်အပြင် မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံးဖြန့်ကြက်တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော အချက်အလက်များကို အသုံးပြု၍ မိမိဌာနပိုင်သင်္ချာပုံစံပြုမော်ဒယ်များဖြင့် ခန့်မှန်းတွက်ချက်ခဲ့ပါသည်”**

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ မိုးလေဝသနှင့် ဇလဗေဒဘာသာရပ်များကို ဘွဲ့ဒီဂရီသင်တန်းများ ဖွင့်လှစ် ပို့ချခြင်းဖြင့် လည်းကောင်း၊ ဌာနတွင်း မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချ၍ လည်းကောင်း၊ နိုင်ငံတကာသို့ ပညာတော်သင်များအဖြစ် စေလွှတ်၍ နှစ်ရှည်လများ ပညာဆည်းပူးသင်ယူစေလျက် မျိုးဆက်သစ်များ မွေးထုတ်ပေးလျက်ရှိသည်။

ထိုမျှသာမက မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းခြင်းလုပ်ငန်း တိကျမှန်ကန်စေရေးသည် သင်ယူရရှိလာသော စာတွေ့သင်ခန်းစာများ မဖြစ်မနေလိုအပ်သကဲ့သို့ လုပ်ငန်းခွင်လက်တွေ့ကျွမ်းကျင်မှုများကို ပါ ပေါင်းစပ်ပြီးမှသာ မိုးလေဝသနှင့် သဘာဝဘေးဆိုင်ရာ ခန့်မှန်းရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်(World Meteorological Organization–WMO) သို့ ၁၉၅၀ ပြည့်နှစ်တွင် တရားဝင်အဖွဲ့ဝင်ဌာနတစ်ခုဖြစ်လာခဲ့ပြီး အပူပိုင်း မုန်တိုင်းအဖွဲ့၏ တရားဝင်အသိအမှတ်ပြုဌာနတစ်ခုလည်း ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် ကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီးနောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထူးပြုအဖွဲ့ကြီးတစ်ခုအဖြစ် စတင်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသ၊ ရာသီဥတုလေ့လာရေးနှင့် စောင့်ကြည့်တိုင်းတာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခန့်မှန်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိတ်ဖက်ဒေသတွင်း မိုးလေဝသအထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြုလေ့လာဆန်းစစ်မှုများပြုလုပ်သလို မိမိဌာနပိုင်သင်္ချာပုံစံပြုမော်ဒယ်များအသုံးပြု၍ မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံးဖြန့်ကြက်တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော အချက်အလက်များကို ထပ်မံပေါင်းစပ်ကာ ခန့်မှန်းချက်များကို ထုတ်ပြန်ပေးရပါသည်။ ထို့ပြင် မန္တလေး၊ ရန်ကုန်နှင့် ကျောက်ဖြူတို့၌ မုန်တိုင်းပြရေဒါများတပ်ဆင်ထားရှိကာ မုန်တိုင်းခန့်မှန်းခြင်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များဖြင့် တိမ်ပုံများဖမ်းယူရရှိပြီး ခေတ်မီနည်းစနစ်များဖြင့် ဘက်ပေါင်းစုံမှ လေ့လာဆန်းစစ်ခြင်းများပြုလုပ်၍ ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

**“မိုခါ” (MOCHA)နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းခြင်း**


ယခုနှစ်မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှုသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” အဆင့်ထိ အားကောင်းခဲ့ပြီး မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ အဆိုပါအလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဖြစ်ပေါ်စဉ် ခန့်မှန်းချက်များထုတ်ပြန်ရာ၌ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော ဒေသတွင်း မုန်တိုင်းအထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြုလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည့်အပြင် မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော အချက်အလက်များကို အသုံးပြု၍ မိမိဌာနပိုင်သင်္ချာပုံစံပြုမော်ဒယ်များဖြင့် ခန့်မှန်းတွက်ချက်ခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

ECMWF မော်ဒယ်၏ ၅.၅.၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၁၈:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းလမ်းကြောင်းပြမြေပုံ



GFS မော်ဒယ်၏ ၅.၅.၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၁၈:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းလမ်းကြောင်းပြမြေပုံ



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၅.၅.၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၁၈:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းလမ်းကြောင်းပြမြေပုံ




ပုံ၁။ မုန်တိုင်းစတင်မဖြစ်ပေါ်မီ မော်ဒယ်အသီးသီးမှ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မည့် လမ်းကြောင်းအမျိုးမျိုးအား ခန့်မှန်းတွက်ထုတ်ရရှိပုံ

*စာမျက်နှာ ၁၆ မှ*

ထို့ပြင် ဌာနရှိ ရန်ကုန်၊ မန္တလေး၊ ကျောက်ဖြူရေဒါများမှရရှိသည့် မုန်တိုင်းပြရေဒါပုံရိပ်များ၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များမှ ဖမ်းယူရရှိသော ဂြိုဟ်တုတိမ်ပုံများကို အသုံးပြု၍ ခေတ်မီနည်းပညာများဖြင့် ဘက်ပေါင်းစုံမှ လက်တွေ့လေ့လာဆန်းစစ်ခြင်းများပြုလုပ်ကာ ခန့်မှန်းချက်များကို ပြည်သူလူထုထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းမီဒီယာများမှတစ်ဆင့် မှန်ကန်စွာထုတ်ပြန်ပေးနိုင်ခဲ့သည်။

၉.၅.၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၂၁:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




ပုံ ၂။ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိလာချိန်တွင် မော်ဒယ်အသီးသီးမှ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မည့်လမ်းကြောင်းကို တညီတညွတ်တည်း ခန့်မှန်းတွက်ထုတ်ရရှိပုံ။

ယခုဖြစ်ပေါ်ခဲ့သော "မိုခါ" မုန်တိုင်းနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအချက်အလက်များကို အသုံးပြုထားသော သင်္ချာပုံစံပြုမော်ဒယ်များဖြစ်သည့် အင်္ဂလန်နိုင်ငံ European Centre for Medium-Range Weather Forecasts (ECMWF)မော်ဒယ်၊ အမေရိကန်နိုင်ငံ National Hurricane Center မှ Global Forecasting Model (GFS)များနှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန Weather Research and Forecasting (WRF)မော်ဒယ်များဖြင့် တွက်ထုတ်ရရှိလာသော မုန်တိုင်းလမ်းကြောင်းအသီးသီးတို့ကို ဆန်းစစ်လေ့လာ၍ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်နိုင်သည့် လမ်းကြောင်းများကို မုန်တိုင်းစတင်မဖြစ်ပေါ်မီကပင် အမျိုးသား



ပုံ ၃။ (က)အမှန်တကယ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် လမ်းကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိ နှိုင်းအစည်းအဝေးတွင် အသိပေးဆွေးနွေးတင်ပြခဲ့သည်။

ထိုသို့ခန့်မှန်းရာတွင် တိုင်းထွာသည့် အချိန်၊ အသုံးပြုသည့် Data တို့အပေါ်မူတည်ပြီး လမ်းကြောင်းအမျိုးမျိုးပြောင်းလဲနေခဲ့ရာ ၅-၅-၂၀၂၃ ရက်နေ့၌ **ပုံ(၁)**တွင် ဖော်ပြထားသည့်အတိုင်း ECMWF မော်ဒယ်သည် ရခိုင်ကမ်းရိုးတန်းကို ကျောက်ဖြူမြို့အနီးမှ လည်းကောင်း၊ GFS မော်ဒယ်သည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တို့အကြားမှ လည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ WRF မော်ဒယ်သည် ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ လည်းကောင်း အသီးသီးဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၉-၅-၂၀၂၃ ရက်နေ့၌ ပုံ(၂)တွင် ဖော်ပြထားသည့်အတိုင်း မုန်တိုင်း စတင်အစပျိုးချိန်တွင် မော်ဒယ်များအားလုံးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းရှိ ကျောက်ဖြူမြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မော်ဒယ်(၃)ခု၏ တွက်ထုတ်ရရှိချက်များကို ခြုံငုံသုံးသပ်ရလျှင် မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ WRF မော်ဒယ်သည် မိမိတို့နိုင်ငံ၏ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်အနေအထားတို့နှင့်ကိုက်ညီသည့် မှတ်တမ်းအချက်အလက်များကိုထည့်သွင်းတွက်ထုတ်ထားသည့်အတွက် မုန်တိုင်းစတင်မဖြစ်ပေါ်မီကာလမှသည် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ပြီးသည်အထိ အမှန်တကယ် ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းလမ်းကြောင်း



ပုံ ၃။ (ခ)WRF မော်ဒယ်၏ မုန်တိုင်းခန့်မှန်းချက် လမ်းကြောင်းဝင်ရောက်ခဲ့သည့် လမ်းကြောင်း။

**(ပုံ။ ၃(က)နှင့် (ခ)တို့တွင် ဖော်ပြထားသည့်အတိုင်း)**နှင့် အနီးစပ်ဆုံး လမ်းကြောင်းကို ခန့်မှန်းတွက်ချက်ရရှိခဲ့သည်ကို တွေ့ရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ WRF မော်ဒယ်သည် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအချက်အလက်များဖြင့် တွက်ချက်ရရှိသော မော်ဒယ်များ၏မုန်တိုင်းလမ်းကြောင်း ခန့်မှန်းချက်များနှင့်နှိုင်းယှဉ်လျှင် မိမိနိုင်ငံနှင့် ကိုက်ညီသည့်အချက်အလက်များအပေါ် ထည့်သွင်းတွက်ထုတ်ပြီး ရရှိလာသည့် မုန်တိုင်းလမ်းကြောင်းဖြစ်သည့်အတွက် အနီးစပ်ဆုံးမှန်ကန်မှုရှိခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

မုန်တိုင်းကာလများတွင် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာအချက်အလက်များ၊ ခန့်မှန်းချက်များအား Social Media၊ ဝက်ဘ်ပေ့ချ် (Web Page) များမှတစ်ဆင့် လွယ်ကူစွာရယူပြီး တိကျမှန်ကန်မှုမရှိသော ခန့်မှန်းချက်များကို ပြည်သူများထံသို့ လွယ်ကူစွာရေးသားဖော်ပြခြင်း၊ လွယ်ကူစွာဖျက်သိမ်းပစ်ခြင်းတို့ကို တွေ့ရှိခဲ့ရသည်။ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် ကောလာဟလသတင်းများ၊ နိုင်ငံတကာမှ မုန်တိုင်းနှင့်ပတ်သက်၍ စံသတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိဘဲ မှားယွင်းယူဆချက်များဖြင့် ရေးသားမှုများကိုလည်း တွေ့ရှိခဲ့ရပါသည်။

ဥပမာအားဖြင့်ဖော်ပြရလျှင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလ၌ မုန်တိုင်းအမြွှာ နောက်ဆက်တွဲတစ်ခု ထပ်မံဝင်ရောက်မည်ဟူသော ကောလာဟလကြောင့် လူအများ ထိတ်လန့်ခဲ့ရဖူးပါသည်။ အလားတူ ၂၀၂၂ ခုနှစ် မတ်လတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်း(02B/2022)သည် အားကောင်းသော မုန်တိုင်းငယ်အဆင့်သို့သာရောက်ရှိခဲ့ပြီး အမည်ပေး မုန်တိုင်းအဆင့်သို့ ရောက်ရှိခြင်းမရှိခဲ့သည့်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မုန်တိုင်းအမည်ပေးရန် အလှည့်ကျသည့် သီရိလင်္ကာနိုင်ငံမှ အဆိုပြုထားသော "Asani" အမည်ကို သတ်မှတ်သုံးစွဲခဲ့ခြင်းမရှိသေးသော်လည်း ခန့်မှန်းချက်များကို အလွတ်သဘောထုတ်ပြန်နေသူများက ဆိုရှယ်မီဒီယာများတွင် "Asani" မုန်တိုင်းဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းများကို တွေ့ရှိခဲ့ရသည်။

ယခု အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြစ်ပေါ်ခဲ့ချိန်တွင်လည်း မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ရန် နီးကပ်ချိန်များတွင် မုန်တိုင်းလမ်းကြောင်း ပြောင်းလဲနိုင်သည်ဆိုသော ကောလာဟလများပေါ်ထွက်ခဲ့ခြင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားခြင်းမရှိသော လွတ်လပ်စွာဝင်ရောက်ကြည့်ရှုနိုင်သည့် Social Media၊ ဝက်ဘ်ပေ့ချ်(Web Page)များမှ အချက်အလက်များဖြင့်သာ အလွတ်သဘောရေးသားဖော်ပြနေခြင်းမှာ ပြည်သူလူထုအတွက် "ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေနိုင်" သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**"မိုခါ" (MOCHA)နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့မှု**

အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ" နှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မိုးလေဝသတိုင်းတာရေးစခန်းများမှ အချိန်နှင့်တစ်ပြေးညီ တိုင်းထွာရရှိသည့် တိကျသောမြေပြင်မိုးလေဝသအချက်အလက်များ၊ အထက်လေကြောင်းတိုင်းထွာချက်များ၊ ဂြိုဟ်တုတိမ်ပုံများ၊ မိုးလေဝသရေဒါမှဖမ်းယူရရှိသည့် ပုံရိပ်များနှင့် သင်္ချာပုံစံပြုမော်ဒယ်များမှ တွက်ထုတ်ရရှိသည့် ခန့်မှန်းချက်များ စသည့် ခိုင်မာသောအချက်အလက်များအပေါ် အခြေခံ၍ တိကျမှန်ကန်သော သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးထုတ်ပြန်နိုင်ခဲ့သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ လုပ်ငန်းကော်မတီများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ သဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနဖြစ်သည့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးသည့်သတင်းများကို အသံလွှင့်မီဒီယာများမှတစ်ဆင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှု၊ ဒေသခံပြည်သူများ၏ လိုက်နာဆောင်ရွက်မှုများမှာ အချိုးညီညီ အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်သေကျေပျက်စီးမှုများစွာ လျော့ကျခဲ့သည်ကို လက်တွေ့ပြသနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထုတ်ပြန်ချက်၊ သတိပေးချက်များနှင့် ဆက်စပ်၍ ဆိုရှယ်မီဒီယာများမှ အလွတ်သဘော ထုတ်ပြန်ချက်များကို အပြည့်အဝယုံကြည်မှုမပြုကြဘဲ နိုင်ငံ၏တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကိုသာ ယုံကြည်စွာစောင့်ကြည့်သင့်ပါသည်။ သို့မှသာ တရားမဝင် ကောလာဟလများကို ရှောင်ရှားနိုင်ပြီး မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအလိုက် ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းနိုင်စေရေး အထူးသတိပြုဂရုစိုက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ကမ္ဘာလှည့်ခရီးသွားနှင့် စီးပွားရေးအခွင့်အလမ်းများမြှင့်တင်ရန် MAI လေကြောင်းလိုင်းနှင့် ပြည်တွင်းရှိ အဓိကအဖွဲ့အစည်းလေးခုတို့ သဘောတူညီမှုလက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၂**

ကမ္ဘာလှည့်ခရီးသွားနှင့်စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ မြှင့်တင်စေရန် MAI လေကြောင်းလိုင်းနှင့် စီးပွားရေးမိတ်ဖက်များဖြစ်သည့် IMCC (India Myanmar Chamber of Commerce)၊ IAM (Indian Association of Myanmar)၊ MAM (Malaysian Association of Myanmar) နှင့် SAM (Singapore Association of Myanmar) တို့အကြား မဟာဗျူဟာမြောက် စီးပွားဖက် သဘောတူညီချက်ကို ဇွန် ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း International Business Center(IBC) ရှိ Cabin88 – Restaurant & Lounge ၌ လက်မှတ်ရေးထိုးကြသည်။ **(အောက်ပုံ)**

အဆိုပါ စီးပွားသဘောတူညီချက်အရ MAI လေကြောင်းလိုင်းနှင့် စီးပွားဖက်လေးခုအကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာလာရန်အပြင် မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားနှင့် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို မြှင့်တင်ပေးရန်လည်း ရည်ရွယ်ချက်ဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသဘောတူညီချက်အရ စီးပွားရေး အဖွဲ့အစည်းများဖြစ်သည့် IAM ၊ IMCC၊ MAM နှင့် SAM တို့၏ အဖွဲ့ဝင်များကို MAI က သီးသန့်အခွင့်အလမ်းကောင်းများ ကမ်းလှမ်းမည့်အပြင် ၎င်းတို့စီစဉ်သည့် စီးပွားရေးပွဲများနှင့် လှုပ်ရှားမှုများတွင်လည်း ထောက်ပံ့ပေးမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အနေဖြင့် နိုင်ငံတကာခရီးစဉ်သစ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိပြီး ရန်ကုန်မှ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ ခရီးသစ်ကိုလည်း ပြီးခဲ့သည့် မေ ၆ ရက်မှစတင်၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ယခု မေလအတွင်း စင်ကာပူနိုင်ငံ၊ ဆိုးလ်–အင်ချွန်းမြို့နှင့် ဒူဘိုင်းတို့ကို လေကြောင်းခရီးစဉ်ပျံသန်းမှုများကို အကြိမ်ရေတိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI မှ ရန်ကုန်နှင့် မန္တလေးမြို့များကို အခြေပြု၍ မြန်မာနိုင်ငံအတွင်းရှိ မြို့များ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ယူအေအီး၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ စသည့်မြို့ပေါင်း ၂၇ မြို့တို့ကို လေယာဉ် ၁၀ စင်းဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။ **အာကာလင်း**




# ပေါင်းတည်၌ ကျောင်းများ စတင်ဖွင့်လှစ်

**ပေါင်းတည် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် တစ်မြို့နယ်လုံးရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်း သုံးကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်း အပါအဝင် အခြေခံပညာကျောင်း ၁၆၇ ကျောင်း စုစုပေါင်း ၁၇၂ ကျောင်းတို့တွင် ဇွန် ၁ ရက် နံနက်ပိုင်းမှစတင်ဖွင့်လှစ်၍ ပညာသင်ကြားနေပြီဖြစ်သည်။

ယခု ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်တွင် နိုင်ငံတော်မှ ကာလတန်ဖိုး ၁၉၈ ဒသမ ၄၂ ကျပ်သန်း တန်ဖိုးရှိ ပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကို ပေါင်းတည်မြို့နယ် ကျောင်းသား ကျောင်းသူများအား အခမဲ့ ထောက်ပံ့ပေးထားကြောင်း၊ ယခုနှစ်တွင် မြို့နယ်အတွင်း ကျောင်းနေအရွယ်ရာနှုန်းပြည့်နီးပါး ကျောင်းအပ်နှံကာ ယနေ့မှစ၍ စတင်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သူရကြီး(ပြန်/ဆက်)**



# CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)အား လက်လုပ်ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ရာတွင် CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။



တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ)အနီး ဒေသန္တရလက်လုပ်ရီမုမိုင်း နှစ်လုံးပေါက်ကွဲသည့် နေရာပြပုံ။



ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးပေါက်ကွဲသည့် ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(မြို့မ)တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေရန် ကျောင်းဝင်ပေါက်အနီး၌ လက်လုပ်ရီမုမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အဦနှင့် ကျောင်းသားကျောင်းသူများ ပျက်စီး/ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါကျောင်းတွင် ဆရာ ဆရာမ ၁၆ ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၉ ဦး စုစုပေါင်း ၁၇၀ ဖွင့်လှစ် ပညာ သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခဲ့သူများကို အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့၌ သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချမှုကြောင့် သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။



ဒဏ်ရာရရှိသည့်အရပ်သားများ။





ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆)ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ယနေ့နံနက် ၅ နာရီခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ ရပ်ကွက်အတွင်းမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးကာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇွန် ၂**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။(**အပေါ်ပုံ**) ထို့ပြင် ကိုးတန်ကောက်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွာသစ်ကေကျေးရွာ၌ လမ်းဘေးဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့နယ်သို့ ရောက်ရှိနေသည့် ကူညီ ကယ်ဆယ်ရေးအဖွဲ့များသည် ခေါင်းတုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် လမ်းဘေးဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပဲခူးမြစ်ကူး သန်လျင်တံတား(အမှတ်- ၁) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် ဇွန် ၂**

ပဲခူးမြစ်ကူး သန်လျင်တံတား( အမှတ်- ၁ )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၆)နှင့် (၇)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၂)နှင့် (၁၃)အကြားမှလည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၁)နှင့် (၁၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၂၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၂၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များသည် ရေလယ်တိုင်နှစ်ခုအကြား ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၆ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၄၀ ကျပ် | ၁၈၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၅၀ | ၄၀၅၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၇၂၂ | ၇၈၉၃၈၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁၅၈ | ၁၁၅၃၄၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၆၂၀၉ | ၉၀၀၃၁၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃၂ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပြည်တွင်းကုသိုလ် မြန်မာပြည်နှင့် နိုင်ငံခြားတိုင်း ၂ ဆူပါ) | ၂၇၉.၀၀ | ၇၂၉ ဆူ | ၇၂၉ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၈၀)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၃၀၁၃ သိန်း | ၄၆၉၈၇ သိန်း |
| ၃။ | ဘုရားလှူရေခွက်(၇၄×၃၀×၇၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဆင်းတုကျောင်း(၄၈×၂၄×၂၉)ပေ | ၄၈၀၀.၀၀ | ၁ | - | ၁ |
| ၅။ | ဓမ္မာရုံဆောင်(၇၂×၃၀×၇၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစင်္ကြံလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇၂၈၄.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေစက်အင်း(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၉.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအိမ်ခြေပြခန်း(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရုပ်စာရုပ်ပြပြခန်း ၂၇ ပေခန်း | ၇၁.၀၀ | ၄၇၇ ခန်း | ၉၇ ခန်း | ၃၈၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်း ဆောင်တိုင်(ကျောက်မြန်မာပါ) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၈.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်ကျောက်ကနုတ်ပန်း (ကျောက်မြန်မာပါ) | ၇.၀၀ | ၆၅၂ ခု | ၁၇၇ ခု | ၄၇၅ ခု |
| ၁၆။ | ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၆.၃၅ ကျင်း | - | ၇၇၇၆.၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာ) | ၄.၅၀ | ၂၁၈၈.၁၄ ကျင်း | ၂၉ ကျင်း | ၂၁၅၉.၁၄ ကျင်း |
| ၁၈။ | ကျွန်းတရုတ် ၈ လက်မကျောက်ခင်းခြင်း | ၆.၅၀ | ၈၄၇၇ ကျင်း | - | ၈၄၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂၇၇၁၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၂၂၃၂၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၂၆၀၆.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအမြင့်ပေါ်လမ်းကျွမ်းကျင်အလှဆင်လေ့ကျင့်ရေးများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အမြင့်(၁၃၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အမြင့်(၁၃၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၉၉၅.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၃၀၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောက်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅.၂၀ | ၅၇ | - | ၅၇ |
| | (စ) အလှ/အမြင် မီးနှင့်အမြင်ရေပန်းတပ်ဆင်ခြင်း | | | | |
| | ၁။ အလှ/အမြင် မီးဆက်သွယ်ခြင်း | ၅၇၀.၀၀ | ၁ | - | ၁ |
| | ၂။ အမြင်ရေပန်းတပ်ဆင်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေချိုးမြောင်းပြခန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာများ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျိုးပါ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၃၈၆ စုံ | ၆၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာများ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျိုးပါ)(Bible Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆




**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲဝင့်ကိုကို ၁၂/ဗတထ(နိုင်)၀၃၉၀၀၅ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၁၁၉၅၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/သာဇီအရှေ့၊ ဦးပိုင်အမှတ်၁၈၅၊ ဧရိယာ ၀ဒသမ၃၀၉ကေရှိ ဦးသန်းထွန်း(ဇနီး)ဒေါ်စိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သီတာထွန်း ၉/ပမန(နိုင်) ၀၁၇၂၃၆ (ပါ) ၃ ဦးတို့မှ အရောင်းအဝယ်စာချုပ်(၂၂/၁၉၈၀)၊ (မိတ္တူမှန်)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် အမှတ် (၀၀၇/၂၀၁၄)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာ ဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ် မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၁၉၉၁, Daihatsu Hijet S200P,P/U(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသော် ၅/စကန(နိုင်)၁၅၂၂၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9030, TOYOTA COROLLA EE102, S/W ယာဉ်လက် ဝယ်ရှိသူ ဦးသန်းဇော်နိုင် ၁၂/ရပသ (နိုင်)၀၂၇၂၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/85297, Honda Scoopy ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/38914, Honda Cnick 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/2321, Nissan Vanette Sk82VN Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၁၂/လမန(နိုင်)၁၂၁၇၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6009, Suzuki Swift ZC 72S, Hatch Back (4X2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကြည် ၉/မနမ(နိုင်)၁၀၄၄၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေပုဒ်မ- ၂၀(၁)**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**

**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၃၅**

ဒေါ်ဟန်စုလှိုင် (တရားလို) နှင့် ဒေါ်အုံး (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၁၆၊ ဥဇ္ဇနာ(၇)လမ်း၊ (ဠ) ရပ်ကွက်နေ တရားပြိုင် ဒေါ်အုံးသိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေ ဖြစ်စေသို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၁၄ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်မှန်

ဝိုင်းမော်မြို့၊ ရပ်ကွက် (၃)နေ (ဘ)ဦးဝေါ်ဝူ၏သမီး မဝေါ်မလေး ၁/ဝမန(နိုင်) ၀၉၆၇၂၀၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မင်းပျိုးအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ မောင်ရန်ပိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးပရမ်းဗဟာဒူး ၁/မကန(နိုင်)၂၄၆၂၃၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်းနှင့် မိဘအမည်မှန်

ပူတာအိုမြို့နယ်၊ နမ်ရှယ်ကျေးရွာ၊ အမက ကျောင်း Grade-3 မှ မောင်မဖန်းကျော်ရှင်းအောင်အား မောင်အတန်ဖေရမ်အောင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏မိဘအမည်မှန်မှာ ဦးအတန်ဖုန်ဖေး ၁/ခဘဒ(နိုင်)၀၀၆၉၁၀နှင့် ဒေါ်ထီဆန်းနန်ဒဂုံ ၁/ပတအ(နိုင်)၀၃၆၈၈၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၆)လမ်း၊ အမှတ် (၂၇၆/ခ)၊ (၁)ခန်း တည်း RC(၆)ထပ် အဆောက်အအုံ၏ မြေညီထပ်အခန်း၊ ဧရိယာ ၉၇၂စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးထင်အောင် ၁၄/မအပ(နိုင်)၀၅၆၁၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထက်မြတ်စိုး ၁၂/ဥကမ(နိုင်)၂၃၀၇၁၆၊ ဦးကျော်စွာဟိန်း ၁၂/ဥကမ (နိုင်) ၁၉၇၁၇၁တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထက်မြတ်စိုး၊ ဦးကျော်စွာဟိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၁၁၉၁ ဟုခေါ်တွင်သော အလျား (၄၀)ပေXအနံ(၆၀)ပေရှိ ပါမစ်မူရင်းတွင် ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက်၏(မြေရင်းခြမ်း)၊ အလျား (၂၀)ပေ Xအနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယဉ်ယဉ်ဌေး ၁၀/မလမ(နိုင်)၁၉၂၆၆၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဝေရည်လင်း ၁၂/ဥကတ(နိုင်)၁၉၈၀၅၃ မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံ သို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေရည်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၃၅၁)(၁၃-၉-၂၀၁၂)** | **(စဉ်-၅၃၁၅၀)(၃၀-၆-၂၀၂၀)** |

**အမှတ် ၈၉၉၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် (၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (၄၉)၊ မြေကွက်အမှတ်၊ ဧရိယာ ၀.၀၄၅ကေရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးဝင်းမောင်ကြည်ပါ (၃)ဦးအမည်ပေါက်အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား ၆-၄-၂၀၂၃ရက်စွဲ ပါ အရောင်းအဝယ်စာချုပ်အမှတ် (၉/၂၀၂၃) အရ ဦးကျော်မောင်မောင်သူ၊ ဒေါ်နွဲ့ယဉ်ဝင်းတို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း စာ ရွက်စာတမ်းမူရင်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ အကွက်အမှတ် (၇/ရွာထောင်)၊ ဦးပိုင်အမှတ် (ည/၄၈၃)၊ မြေကွက်အမှတ်၊ ဧရိယာ ၀.၀၈၂ကေအနက်မှ ၀.၀၄၁ကေရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်ငွေကြည် အမည်ပေါက်အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား ၁-၁၂-၂၀၁၂ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးစာချုပ်အမှတ် (၂၀/၂၀၁၂)အရ ဒေါ်အေးအေးသန်းမှ ၎င်းအမည်သို့အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ငွေလေးကျေးရွာ (အလက)Grade-4 မှ မောင်သိန်းချစ်ထွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁၄/ဒဒရ(နိုင်) ၁၀၁၃၄၄ ဖြစ်ပါကြောင်း။

**ဦးမြင့်အောင်**
**၁၄/ဒဒရ(နိုင်)၁၀၁၃၄၄**

## အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အမက (စိုက်ပျိုးခြင်း) G-5မှ (ဘ) ဦးဇော်နိုင်ထွန်း ၁၄/မမက(နိုင်) ၂၀၁၅၀၈၏သား အမည်မှန်မှာ မောင်ပိုင်သူဖြိုးဖြစ်ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/11248, Honda C-90,Custom CM ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိန် ၉/မနမ(နိုင်)၀၉၁၀၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/99436, Honda Click 125, ယာဉ်လက်ဝယ်ရှိသူ Osho Family Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် ၂၁၅^က၊ ဧရိယာ ၀ဒသမ ၁၀၁ကေအား ဒေါ်ယဉ်ယဉ်ငြိမ်း (ဘ)ဦးကံလိမ်း ၉/တကန(နိုင်)၀၉၉၅၀၃မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၉၅/၂၀၂၃၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်-၁၄၊ မြေကွက် အမှတ်-၁၅+၁၆ စုစုပေါင်း မြေဧရိယာ ၀.၂၂၀ကေအကျယ်ရှိ အုတ်တံတိုင်းခတ်၊ သံပန်းတံခါးတပ်ဆင်ထားပြီးဖြစ်သည့် မြေ ကွက်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဆိုသော ဦးမင်းဦး ၉/မနမ(နိုင်)၀၂၉၃၁၅ထံမှ ကျွန်ုပ် ဦးနေဝင်း ၁၂/ဗတထ (နိုင်)၀၄၂၁၄၄က အရောင်းအဝယ်ပြုလုပ်ရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူ မဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်သည့်တိုင်အောင် လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဝင်း ၁၂/ဗတထ(နိုင်)၀၄၂၁၄၄**
**အမှတ်-၃၃၈၊ ကမ်းနားလမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၅၀၃၉၃၈**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုမိန့်အမှတ်(၁၀၀၇/၂၀၁၅)ပြန်လည်အပ်နှံခွင့်ပြုရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခင် ၁၄/ပသန(နိုင်)၁၄၆၉၈၄ ပိုင်ဆိုင်သော မြေကွက်အမှတ် ၂၈၂/၂၈၃၊ မင်းကြီးမဟာမင်း ခေါင်လမ်းနှင့်ဦးတရုတ်ကြီးလမ်းထောင့်၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်နှင့် အဆောက်အအုံအား ငှားရမ်း၍ Kakado Myanmar Co.,Ltd . မှ CMPစနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် တရားဝင် လုပ်ကိုင်ခဲ့ပြီး ယခုအခါ အဆိုပါကုမ္ပဏီမှ လုပ်ငန်းများ ရပ်စဲခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေနှင့် Kakado Myanmar Co.,Ltd .အကြား ချုပ်ဆိုခဲ့သည့် အငှားစာချုပ်အား ရပ်စဲခဲ့ပြီးဖြစ်ပါသည်။ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင် အထက်ဖော်ပြပါ မြေကွက်လိပ်စာဖြင့် Kakado Myanmar Co.,Ltd . မှ လျှောက်ထားရယူ အသုံးပြုခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ခွင့်ပြုမိန့်လိုင်စင်အား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ကျွန်ုပ်မိတ်ဆွေမှ လျှောက်ထားဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစပြီး ခုနစ်ရက်အတွင်း တိကျခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် သက်ဆိုင်ရာ ရုံးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မူမူအောင်** | **ဦးထွန်းထွန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၇၃၄၆** | **စဉ်-၁၀၉၄၆** |
| **အမှတ် ၇၃၊ ၃လမ်း** | **အမှတ် ၇၉၊ ပါရမီလမ်း** |
| **ဘိုခြံရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊** | **(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်** |
| | **ဖုန်း-၀၉- ၄၃၁၉၀၀၈၂** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/20753 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၇/ပခန(နိုင်)၀၀၁၃၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/95530, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၁၄/ညတန(နိုင်)၀၀၃၈၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/9785, ယာဉ်လက်ဝယ်ရှိသူ ဦးဝေဠုမောင် ၁၀/တထန(နိုင်)၁၂၇၅၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/33707 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေလမင်း ၇/ပခန(နိုင်)၁၃၂၀၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅-ကူးတို့မြောက်)၊ ဦးပိုင်အမှတ် (၁၀၅)၊ ဧရိယာ ၀.၁၄၂ ဧကရှိမြေအား အမှုတွဲအမှတ် ၃၇ V ၁၉၈၈-၁၉၈၉အရ (၃-၇-၁၉၈၉)မှ ၂-၇-၂၀၁၉ထိ ဦးစောရွှေ အမည်ဖြင့် နှစ် ၃၀ မြေငှား ဂရန်ရရှိထားသောမြေအား ဦးကြည်စိုး၊ ဒေါ်မြနှင်းဌေးတို့အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက် ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာလမ်းနှင့် ပုလဲလမ်းထောင့်၊ တည်းကုန်း အဆင့်မြင့်လက်ကားဈေး၊ အမှတ်(A-13A)၊ (၂)ခန်းတွဲ RC(၄)ထပ်တိုက်၏ ဒုတိယထပ်(တိုက်မျက်နှာမူလျှင် လက်ယာဘက်ခြမ်း) အခန်း၊ ဧရိယာ ၉၆၈ စတုရန်းပေရှိ တိုက်ခန်းနှင့်ရေမီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးနေအောင်ကို ၁၂/ဗဟန(နိုင်)၀၉၄၂၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန်းဇော်အေး ၁၂/ဒပန(နိုင်)၀၄၅၄၄၆၊ ဒေါ်စုမြတ်လှိုင် ၈/ပဖန(နိုင်)၀၈၀၉၁၂ တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးသန်းဇော်အေး၊ ဒေါ်စုမြတ်လှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် (LL.B, D.B.L, D.I.L, D.I.P.L WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၅၂၆)**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၆၅၆၀၂၂၉၀**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

### ရမည်းသင်းမြို့နယ်တရားရုံးတော်

### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် ၆၃ နှင့် ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၂၀

| | | |
|---|---|---|
| ဒေါ်မြင့်ရီ | နှင့် | ဒေါ်နွဲ့ |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ရမည်းသင်းမြို့နယ်၊ ဥသျှစ်ကုန်းအုပ်စု၊ ဥသျှစ်ကုန်း ကျေးရွာနေ တရားရှုံး ဒေါ်နွဲ့ (ဘ)ဦးစံမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃နှစ် တရားမကြီးမှုအမှတ် -၆၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြင့်ရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၁၆ရက်(၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇွန် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်ငြိမ်းနု)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ တောင်နွားကုန်း၊ ဦးပိုင်အမှတ်(၇၃)၊ မြေကွက်အမှတ်(၁၇၃)၊ ဧရိယာ ၀.၀၇၃ဧက ဖော်ပြပါမြေ(ဘိုးဘပိုင်)အမည်ပြောင်းပေးရန် ဦးဖြိုးသီဟ ၈/ဝလန(နိုင်)၀၉၃၈၄၉၊ ဒေါ်ခင်လေးနွယ် ၈/သရန(နိုင်)၀၄၈၄၈၄မှ လျှောက်ထားလာသည့်အတွက် ၎င်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ ဇူလိုင် ၁ရက်မတိုင်မီ စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သရက်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-C)၊ ရုံးရပ်ကွက်၊ ဦးပိုင်အမှတ် (B-၂၅)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကို ဦးညွန့်မြိုင် အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၁၆၃၅ ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးသန့်ဇော် ၁၀/မလမ(နိုင်)၁၆၉၄၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အဆင့်မြင့်ရေကူးကန် တည်ဆောက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပုသိမ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ကံသုံးဆင့်အကွက်၊ ဦးပိုင်အမှတ် (၃၆-ဆ)၊ ဧရိယာ ၀ဒသမ ၀၅၈ ဧက၊ ဦးပိုင်အမှတ် ၃၇/၂၊ ဧရိယာ ၀ဒသမ ၈၀၀ ဧက၊ ဦးပိုင်အမှတ် ၃၈၊ ဧရိယာ ၀ဒသမ ၉၃၁ဧက၊ စုစုပေါင်း ၁ဒသမ ၇၈၉ ဧကရှိ မြေကို လျှောက်ထားလာချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၀၀၂၆ ယာဉ် လက်ဝယ်ရှိသူ ဦးအောင်သူ ၁၀/မလမ(နိုင်)၁၀၃၃၆၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/24973,Super Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Co. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၇၆၄၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စပွဲယ်အေး ၁၀/မလမ(နိုင်)၀၀၁၇၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာအဝိုင်းအနီး၊ သုဓမ္မာလမ်းမကြီးအနီး၊ အချက်အချာကျ သွားရေးလာရေး အဆင်ပြေ၊ တန်ဖိုးနည်းနည်းနှင့် တိုက်ခန်းဈေးသာရှိသော မြေကွက်၊ နွယ်နီလမ်းသွယ်၊ လမ်းထိပ်၊ မြေအကျယ်(80' x 60') **(၁)ကွက်-ကျပ်သိန်း (6000), (40' x 60')** (၂)ကွက်တွဲ ခွဲ၍ရောင်းမည်-**ကျပ်သိန်း (3000)၊ (20' x 60')** (၄)ကွက်တွဲ ခွဲ၍ရောင်းမည်-**ကျပ်သိန်း (1500)**၊ အုတ်တံတိုင်းခတ်ပြီး၊ အဆောက်အဦး (၁)လုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးပါ။

၂။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဝန်ထမ်းလိုင်းခန်းပါ၊ ဧည့်ရိပ်သာ၊ အဆောက်အဦးဖိုးပဲ ရှိပါသည်။ ယခုအချိန် ဘယ်လိုမှမဆောက်နိုင်တော့ပါ။ ပစ္စည်းဈေးများ၊ လုပ်အားခဈေးများ၊ သယ်ယူစရိတ်များတက်နေသောကြောင့် ဖြစ်ပါသည်။ ဈေးသက်သာစွာနှင့် ရင်းနှီးမြှုပ်နှံထားပြီး ငွေမကိုင်ထားလိုသူများအတွက်။ **ကျပ်သိန်း (8000)**

**ဖုန်း-09-5188001, 09-5178979, 09-43022828, 09-451146685**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

### မြောက်ဥက္ကလာပမြို့နယ်တရားရုံး

### ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၃၆

| | | |
|---|---|---|
| ၁။ ဒေါ်ခင်သိန်းမြင့် | နှင့် | ဒေါ်အုံး |
| (၎င်းကိုယ်တိုင်နှင့် | | |
| (၂) တရားလို၏အခွင့်ရကိုယ်စားလှယ်) | | |
| ၂။ ဒေါ်စန်းတင့် | | |
| **တရားလိုများ** | | **တရားပြိုင်** |

အမှတ် (၂၁၆)၊ ဥဇ္ဇနာ (၇)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဒေါ်အုံး (ယခုနေလိပ်စာမသိ)သူ သိရှိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ကမ်းနားလမ်း၊ အမှတ်(၅၇–၅၉)နေ (၁)တရားရှုံး M Royal Groups Co.,Ltd နှင့် (၂)တရားရှုံး ဦးစိုးကျော်မြင့်(Managing Director)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၄၂၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင် ဦးဇော်ဇော်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းသန်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
အင်းစိန်ခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၁၂၈)တောင်ဘက်ခြမ်း အလယ်ခဲစင်း၊ ၁၉ x၂၀ လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်၊ ဒေါ်အေးတို့ ကွယ်လွန်၍ စာချုပ်အမှတ်(၃၆၈၄/၂၀၁၁) ဖြင့် အမွေဆက်ခံသူ ဒေါ်သန်းရင်၊ ဦးခင်မောင်စိုး၊ ဦးမင်းဟန်၊ ဒေါ်ခင်စိုးဝင်းတို့ထံမှ အပေးစာချုပ် အမှတ် (၅၁၀၆/၂၀၁၁) အရ ပိုင်ဆိုင်သူ ဦးထီအောင်၊ ဒေါ်ခင်ဝ၊ ဒေါ်မြင့်ရီတို့အနက် စွန့်လွှတ်စာချုပ်အမှတ်(၅၆၇၅/၂၀၁၁) ဖြင့် ပိုင်ဆိုင်သူ ဒေါ်မြင့်ရီထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၉/၂၀၁၂)အရ ပိုင်ဆိုင်သူ ဒေါ်စုနန္ဒာဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၆၉/၂၀၂၂) အရ ပိုင်ဆိုင်သူ(ခင်ပွန်း)ဦးမင်းနောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ကြူကြူဝင်း ၉/မရမ(နိုင်)၀၂၇၄၁၈ က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃ –၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ခရိုင်များမှ ဆောင်ရွက်မည့် Class–A လမ်းလုပ်ငန်းများကို တည်ဆောက်ခြင်းတင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** – ၉ – ၆ –၂၀၂၃ ရက် နံနက်(၉: ၃၀)နာရီ
**နေရာ** – တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့
(ခ) **တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်/အချိန်** – ၁၅ – ၆ – ၂၀၂၃ ရက် ညနေ (၄:၃၀)နာရီ
(ဂ) **PO Cheque ပေးသွင်းရမည့်နောက်ဆုံးရက်** – ၁၉ – ၆ –၂၀၂၃ ရက်
(ဃ) **စာအိတ်A နှင့်စာအိတ် B နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** – ၂၀–၆–၂၀၂၃ ရက်၊ ညနေ ၄:၃၀ နာရီ
(င) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** – ၂၃–၆–၂၀၂၃ ရက် နံနက် ၁၀:၀၀ နာရီ
(စ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** – တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့၊ ဖုန်း(၀၆၃–၂၀၂၅၁၈၇၊ ၀၉–၇၉၇၉၄၃၈၉၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်း၊ ပထမထပ်၊ အမှတ်(၉၉)နေ ဦးဇံမြတ်ထွန်း (ဘ) ဦးကျော်ထွန်းလှ ၁၂/တမန(နိုင်)၁၁၅၀၇၆ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင် စာချုပ်အမှတ် ၂၇၂၅၊ မှတ်ပုံတင်စာအုပ်အမှတ် ၄၊ အတွဲ အမှတ် ၆၂၃၀၊ စာမျက်နှာ ၆၅ မှ ၆၆၌ (၁၉–၄–၂၀၂၂ ခုနှစ်) မှတ်ပုံတင်ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "G.0.A.T" အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ စာစောင်၊ ကြော်ငြာ၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letterhead၊ အင်တာနက်၊ Facebook၊ Website အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင် အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် (Restaurants) စားသောက်ဆိုင်များကို ရန်ကုန်မြို့ နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ဆိုင်ခန်းများ၊ ဆိုင်ခွဲများ ဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အထက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်နှင့်စာသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ထုတ်လုပ်ဖြန့်ချီခြင်း စသည်တို့ မပြုရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ တုပသုံးစွဲ ဆောင်ရွက်နေကြောင်း တွေ့မြင်ကြားသိပါက တည်ဆဲဥပဒေနှင့်အညီအရပ်ရပ်သော အကျိုးစီးပွား ထိခိုက်နစ်နာမှုများနှင့် ကုန်ကျစရိတ်အရပ်ရပ်တို့ကို ဥပဒေကြောင်းအရ စွဲဆိုအရေးယူ တောင်းခံဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသီဟအောင်ခိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်– ၄၀၂၁၉)
ဖုန်း–၀၉–၄၂၃၀၀၀၁၆၉

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ်(၃၃၆)၊ ဧရိယာ ၀ ဒသမ ၀၁၅ ဧကရှိ ဒေါ်လွင်မာဝင်း ၁၂/လမတ(ပြု)၀၀၀၂၉၇(ပါ)၅–ဦး (ဒေါ်လွင်မာဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမောင်မောင်သန့်၊ ဒေါ်ရတနာစုလှိုင်ကြူ၊ ဒေါ်စုစုမွန်) အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လွင်မာဝင်း(ပါ )၄–ဦးတို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲ သတ်မှတ်ပေးခြင်း စာအမှတ် ၀၆၀/၁၈–၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၀၂၁/၂၀၂၃)၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၂/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်ခင်ဝင်း၊ ၁၂/လမတ(ပြု)၀၀၀၃၃၄ ၊ ဒေါ်လွင်မာဝင်း၊ ၁၂/လမတ(ပြု)၀၀၀၂၉၇ တို့နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ထီဖောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၈၁/လွယ်ကောင်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၃ ဒသမ ၈၃ ဧကရှိ ဦးခင်မောင်သန်း ၁၃/တကန(နိုင်)၁၂၆၂၂၂ အမည်ပေါက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးခင်မောင်သန်း
ဖုန်း–၀၉–၂၅၃၃၃၆၅၅၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အလက(နတ်ရေကန်)မှ Grade–9 အောင်မြင်ခဲ့သော မောင်ဝေယံထွဋ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှိုင် ၁၃/ဟပန(နိုင်)၀၀၄၁၃၄ ဖြစ်ပါကြောင်း။

ဦးထွန်းလှိုင်

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းအခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်ဇံဝင်း၏ သား Grade–11မှ မောင်ထက်နိုင်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇– ၁၂– ၂၀၀၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် (ဘ) ဦးရန်မျိုးအောင်၏ သား Grade–5 မှ မောင်ဟိန်းတေဇ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁–၁၁–၂၀၁၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ရမည်းသင်း မြို့နယ်၊ ချောင်းဖျား ကျေးရွာနေ ဦးသိန်းဝင်း၏ သမီး မအေးသီတာ၏ အမည်မှန်မှာ မအေးသီတာခိုင် ဖြစ်ပါကြောင်း။ **မအေးသီတာခိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁–၅–၂၀၂၃ရက်ထုတ် ဤ သတင်းစာ၏ စာမျက်နှာ (၃၀)၊ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၊ မဟာအောင်မြေခရိုင် တရားရုံးတော် ငြင်းချက်ထုတ်ရန် ဆင့်စာကြော်ငြာတွင် (ခင်မာဦး) ဒုတိယခရိုင်တရားသူကြီး(၁) မဟာအောင်မြေခရိုင်တရားရုံး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/5969 KHIT TARA WAGON KTR ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တောင်ကြီး

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4G/2299 Isuzu ယာဉ်အမည်ပေါက်သူ ဦးစိုးမင်း ၁၃/ညရန(နိုင်)၀၂၈၃၂၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် စက်မှုစီးပွား မြေငှားဂရန်/အမည်ပြောင်းမြေငှားဂရန် လျှောက်ထားရန် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ခိုင်လုံသောမူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | အမည် | ရပ်ကွက်/ကျေးရွာ | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|---|
| ၁။ | ဒေါ်အမာကြည် | အောင်မေတ္တာ(ခ) | ၁၆၅၅၊အုတ်ဖိုး | ၁၁၀၈ | ၀ ဒဿမ ၀၆၀ |
| ၂။ | ဦးသန်းနိုင်ထွန်း | ကန်ပြား | ၁၆၁၁-ခ/၃ | ၆၃/၁-ခ | ၀ ဒဿမ ၃၈ |
| ၃။ | ဦးသန်းဇော် | ဒဟတ်ကန် | ၁၆၄၃/ဝက်သိုက် | ၆၄/၁ | ၀ ဒဿမ ၇၀ |
| ၄။ | ဦးစိုးညွန့် | ဈေးလယ်စိုး | ၆/အလယ်ရပ် | ၈၇/က | ၀ ဒဿမ ၀၅၀ |
| ၅။ | ဦးလှအောင် | အောင်စေတနာ(က) | ၁၆၅၆/ကင်းကွင်း | ၃၁၈ | ၀ ဒဿမ ၀၅၈ |

**လက်ထောက်ကော်လိတ္တော်အရာရှိ**
**မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အမှတ် (၁)၊ ဇွန်လ၊ ၂၀၂၃၊ တန်ဖိုး - ၈၀၀ ကျပ်
English for Students
SUPPLEMENT လေ့လာစရာ အင်္ဂလိပ်စာ
၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် သင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည်။
Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။
ကိုယ်ပိုင်ကျောင်းများအတွက် အထူးအစီအစဉ် ရှိသည်။
ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။
Ph : 018-387961, 018-376442, 09 269006353, 09 981163924

## အမည်ပြောင်း

ဦးသီဟဇော်၏သမီး ကျိုင်းတုံမြို့၊ အ.ထ.က(၄)၊ Grade-3မှ မရွှေရည်အေးချမ်းအား မထက်အိန္ဒြာကိုဟု လည်းကောင်း၊ KG တန်းမှ မရွှေရည်ပြည့်စုံအား မသွန်းထက်ဆင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၊ အထက (မိုင်းယန်း)၊ Grade-9မှ မောင်အားယို၏ ဖခင်အမည်မှန်မှာ ဦးရှီးအိုးဖြစ်ပါကြောင်း။

**ဦးရှီးအိုး**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဆင်သေကျေးရွာနေ (ဘ) ဦးပြန်ထောင်၏သမီး ဒေါ်ပွမ်းနွယ်နှင့် ဒေါ်ပွန်းနွယ်မှာ တစ်ဦးတည်းဖြစ်ပြီး အမည်မှန်မှာ ဒေါ်ပွန်းနွယ် ၅/ခတန (နိုင်)၀၁၉၁၁၇ ဖြစ်ပါကြောင်း။

**ဒေါ်ပွန်းနွယ်**

## မိဘအမည်မှန်

မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာ ကမ်းနားပိုင်းနေ မောင်သက်မျိုးဦး၏ မိဘအမည်မှန်မှာ ဦးကျော်အေး ၁၀/ပမန(နိုင်)၀၈၄၄၁၆နှင့် ဒေါ်အန်ကျလဲ ၁၀/မလမ(နိုင်)၂၃၆၄၈၆ ဖြစ်ပါကြောင်း။

**ဦးကျော်အေး-ဒေါ်အန်ကျလဲ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1656 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5309 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၁၁/အမန(နိုင်)၀၅၃၄၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၄/လင်မလိုရွှေကူ)၊ မြေကွက်အမှတ်(ဃ/၁၃/၁)၊ မြေဧရိယာ ၂ ဒဿမ ၀၀ ဧကရှိ မြေသည် ဦးတင်ရွှေအမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အမှုတွဲအမှတ် RP No.22 of 2008-2009 (30 Years)နှင့် မြေငှားဂရန်သက်တမ်းမှာ ၁၆-၂-၂၀၀၉ မှ ၁၅-၂-၂၀၃၉ ရက်ထိဖြစ်ကြောင်း၊ အဆိုပါ မြေငှားဂရန်အနက် မြေကွက်အမှတ် (ဃ/၁၃/၁-ခ)၊ မြေဧရိယာ ၁ ဒဿမ ၀၀ ဧကရှိမြေအား ဦးတင်ရွှေ(ဘ) ဦးခင်မောင်ရွှေမှ ၇-၇- ၂၀၁၆ ရက်တွင် ဦးဝင်းနိုင်(ဘ) ဦးဟန်တင်ထံသို့ နှစ်ဦး သဘောတူ ဝင်းမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပြီး ဦးဝင်းနိုင်မှ ၂၈-၁၂-၂၀၂၂ ရက်တွင် အဆိုပါမြေကွက်အား လွှန်ခဲ့သော(၅)နှစ်ခန့်ကဝယ်ယူ ခဲ့ပြီး လက်ရှိနေထိုင်သည်မှာ မှန်ကန်ကြောင်း စစ်ကိုင်းမြို့နယ် တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့ပြီး ၁၃-၁-၂၀၂၃ ရက်တွင် ဦးဝင်းနိုင်မှ ဦးဇော်ဝင်းထွန်း(ဘ) ဦးစန်းဝင်း ၉/မနတ (နိုင်)၀၀၈၁၉၆ ထံသို့ တရားဝင် မြေကွက်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ပိုင်ဆိုင်သူဖြစ်သည့် ဦးဇော်ဝင်းထွန်း အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်- ၉၂

ဒေါ်ဟေမာဝင်း(ခ)ဒေါ်ဟေမား **(တရားလို)** နှင့် ဦးအောင်မိုးပါ-၁၀ **(တရားပြိုင်များ)**

အမှတ်(၁၀) တရားပြိုင် ဒေါ်ဆောင်းစနေမ၊ အမှတ်(၈၁)၊ ကံအောက်ရပ်၊ ချယ်ရီလမ်း၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇွန် ၁၄ ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများ နှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက်အမှတ် ၉ က(အစိုးရရပ်)၊ ဦးပိုင်အမှတ်(၇၆-ခ)၊ မြေကွက်အမှတ် (၈၆/၁၃၈) ဧရိယာ ၀ ဒဿမ ၁၆၉ ဧက ဂရန်အမှုတွဲအမှတ် ၄၁၉/၉၃ (၁-၁၁-၁၉၉၅) နှစ်(၃၀)ဂရန်မြေကွက်အား ဦးစိုးနေလင်း+ဒေါ်တင်တင်မြ တို့ အမည်ပေါက်ပြီး ကျွန်ုပ်မှ ထိုမြေကွက်အား တောင်ကြီးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၃-၃-၂၀၂၀ ရက်စွဲပါစာချုပ်အမှတ် ၅၅/၂၀၂၀အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ အမည်ပြောင်းဂရန်လျှောက်ထားရန်အတွက် တောင်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ရေးဆွဲခဲ့သော မြေစာရင်းပုံစံ(၁၀၅၊၁၀၆)တို့မှာ မိမိလက်ဝယ်ပျောက်ဆုံးသွားပါသဖြင့် ထပ်မံလျှောက်ထားခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အမည်ပြောင်းဂရန်လျှောက်ထားရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိန်မောင် ၁၂/ဒဂန(နိုင်)၀၂၇၃၉၇**
**(၉/က)၊ ကျောက်ကုန်းလမ်း၊ ၁၄ ရပ်ကွက် ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ဦးကျော်ကျော်နိုင် ၁၂/အလန(နိုင်) ၀၁၅၉၀၇၊ ဒေါ်လဲ့လဲ့စိန်၊ ဒေါ်မိမိမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်း-၂၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၅၄၀/က) (၂၀x၆၀)ပေအနက်မှ (၁၀x၆၀)ပေ ခေါင်းရင်းဘက်ခြမ်းအား ပါမစ်အမည်ပေါက် ဦးဝင်းမောင် (HGU-၀၄၃၉၂၄)နှင့် ဒေါ်ထွေးတင်တို့ထံမှ ဒေါ်အေးကြည် ၁၂/အလန(နိုင်)၀၁၅၇၉၁မှ ၁၉၉၈ ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်အေးကြည်ကွယ်လွန်ပြီးနောက် အဆိုပါမြေကွက်အား ၎င်း၏သားသမီးများဖြစ်ကြသော ဦးကျော်ကျော်နိုင် ၁၂/အလန(နိုင်)၀၁၅၉၀၇၊ ဒေါ်လဲ့လဲ့စိန်၊ ဒေါ်မိမိမော်တို့မှ မြန်မာ့ဓလေ့ထုံးတမ်းအရ အမွေဆက်ခံပိုင်ဆိုင်နေထိုင်လာခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်ခေါင်းရင်းဘက်ခြမ်းနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေများသာ ယနေ့အချိန်ထိ ပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်းနှင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ အခြားသူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်မှု အငြင်းပွားစေမည့်ကိစ္စရပ်များ၊ ထင်ယောင်ထင်မှားပြောဆိုမှုများ ပြုလုပ်ပါက ထိုသူအပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ ဒေါ်လဲ့လဲ့စိန်၊ ဒေါ်မိမိမော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထက် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၅၄၁)**
**အမှတ်(၄၂၇/ခ)၊ပိတောက်မြိုင်လမ်း၊ (၉)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉၄၃၀၂၄၇၂၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ချောင်းကန်ရွာ၊ အမှတ်(၁၈)နေ ဦးထွန်းမင်း ၅/ကဘလ(နိုင်)၁၄၇၇၈၄ နှင့် ဒေါ်ဝင်းမေ ၅/ကဘလ(နိုင်)၀၁၄၄၄၁တို့၏သားဖြစ်သူ မောင်ညဏ်လင်းထွန်း ၅/ကဘလ(နိုင်)၂၇၇၁၃၉ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့အား ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းဖြစ်စေရန် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပြီး ၂၇-၅-၂၀၂၃ ရက်တွင် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် မောင်ညဏ်လင်းထွန်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဦးထွန်းမင်း၊ ဒေါ်ဝင်းမေတို့မိသားစုနှင့်မည်သို့မျှ ပတ်သက်ဆက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းနှင့် ဒေါ်ဝင်းမေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီအေး B.A (Eco.), R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၅)**
**အမှတ်(၇၈) ၊ မြေညီထပ်၊ အင်းစိန်လမ်း(အပေါ်) ၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၁၆၂၈၁၈၊ ၀၉-၉၆၆၂၉၀၇၂၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ်(၂၅)၊ ၇၂x၇၃လမ်းကြား၊ မြဝတီနှင့်ဆင်ဖြူရှင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးနိုင် ၉/မနတ(နိုင်)၀၂၇၂၀၁၁က ဂရန်စာချုပ်တင်ပြ၍ "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟုရေးသားထားသော ဂရန်ပေါ်ရှိ မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၂၅) မြောက်ဘက်ခြမ်းခဲစင်း၊ ၇၃x၇၄လမ်းကြား၊ ကုသိုလ်တော်နှင့်မင်းကြီးရန်နောင်လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမြသော် AE-၂၁၂၆၁၃၊ ၉/မရမ(နိုင်)၀၄၁၃၅၄ ၎င်း၏ (SP ရသူ ဒေါ်ယဉ်ယဉ်ထွေး)က ၂၄၀၀ိ/- ငွေသွင်းပြေစာမူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း(ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်စာချုပ်တို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်း၊ ဦးပိုင်ခွဲရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြဝတ်ရည်လမ်း ၊ အမှတ်(၅-က) တွင် ဖွင့်လှစ်ထားရှိသော EUGENIA THA PYAY TRADING COMPANY LIMITED (Company Registration No: 109953997) သည် ၃၀-၅ -၂၀၂၃ ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိ ရှယ်ယာအရေအတွက် (၅,၀၀၀)စု၊ တန်ဖိုး ငွေကျပ် (၅၀၀၀၀၀၀၀၀/-)မှ (၅၀၀)စု၊ တန်ဖိုးငွေကျပ်- (၅၀၀၀၀၀၀၀/-) သို့ လျှော့ချ ရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၀)၊ (၁၉)လမ်းနှင့် (၃၆)လမ်းထောင့် အိမ်အမှတ်(၅၁၇)နေ ဒေါ်နန်းရွှေစိန် ၁၃/ကမန(နိုင်)၀၁၆၆၅၉သည် အထက်ပါ အမှတ်တံဆိပ်ကို အသုံးပြုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းရွှေစိန် ၁၃/ကမန(နိုင်)၀၁၆၆၅၉**
**လားရှိုးမြို့၊**
**ဖုန်း-၀၉-၅၂၇၅၅၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊အောင်ချမ်းသာအုပ်စု၊ စည်ကားကျေးရွာ၊ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်(၇၁)အတွင်းရှိ အရှေ့ (၅၀)ပေ၊ အနောက် (၅၀)ပေ၊ တောင်(၁၀၀)ပေ၊ မြောက်(၈၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် (၄၀x၃၂) ပေ အကျယ်အဝန်းရှိ အုတ်တံတိုင်း၊ သံပန်းတံခါးပါ မြေကွက် (၂)ကွက်အပါအဝင် ယင်းမြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို လက်ရှိပိုင်ဆိုင် အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးဇော်ဝင်း(ဘ)ဦးထွန်းရွှေ ၉/မမန(နိုင်)၀၁၇၀၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချမ်းမြေ့လှိုင် (ဘ) ဦးကျော်ရှိန် ၉/မမန(နိုင်)၀၇၆၉၃၁ တို့သည် ၂၄-၅-၂၀၂၃ ရက်စွဲပါ "နှစ်ဦးသဘောတူ မြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်"ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တရားဝင် ပိုင်ဆိုင်သော အထောက်အထား စာချုပ်စာတမ်း မူရင်းများ၊ အခြားခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ "အခြားနည်းသုံးစွဲခွင့် လ/ယ (၃၀-ခ)"လျှောက်ထားမှုဆောင်ရွက်ရန်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်ချမ်းမြေ့လှိုင်**
**၉/မမန (နိုင်) ၀၇၆၉၃၁**

**လွှဲအပ်ချက်အရ-**
**ဦးမြတ်ကိုကို (LL.B) (စဉ် -၄၈၂၀၄)**
**အမှတ် (၉၆)၊ အောင်သုခရပ်၊ ရပ်ကွက်ကြီး(၅)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၃၁၀၁၃၃၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/မြို့မအရှေ့ရပ်) မြေကွက်အမှတ်(ပ-၂၀၉၄၀)၊ ဧရိယာ ၀ ဒဿမ ၁၁၀ မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးပေါညိမ်း(ဘ)ဦးတင်မြ ၁၂/ဗဟန(နိုင်)၀၀၇၁၁၆ အမည်ဖြင့် နှစ်(၃၀) အငှားဂရန် မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အထူးကိုယ်စားလှယ်လွှဲစာရယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလင်းထက်ခိုင်(ဘ) ဦးရွှေကြိုင် ၉/ပဗသ(နိုင်)၀၂၃၇၁၀ ထံတွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးသူ ၇/ဖမန(နိုင်)၁၅၂၁၁၈က စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ဂရန်မူရင်းနှင့်တကွ ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဇေယျ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့၊**
**ဖုန်း-၀၉၇၇၈၄၄၇၇၅၄၊ ၀၉-၇၆၅၃၉၀၂၈၇**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ်-၂

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် **နှင့်** ၁။ ဒေါ်ရန်ကြာဆိုင်
(သိမ်ဖြူဘဏ်ခွဲ )(၎င်း၏ကိုယ်စား တာဝန် ၂။ ဦးဇော်ဝင်း
တာဝန်ပေးအပ်ခြင်းခံရသူ ဒေသရုံး-၃ ၃။ ဒေါ်သန္တာဝင်း
Assistant Vice President ဒေါ်နှင်းယုဝင်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၄၂/၂၀၂၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက် (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်) နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၆၄၇)၊ ဟေမမာလာမြောက်ရပ်၊ ဦးပိုင်အမှတ်(၄၀-က+၄၀-စ+ ၄၀-ဇ+ ၄၀-ည+၄၁-ခ+ ၄၂-က+၄၂-ခ)၊ ဧရိယာ ၀ ဒသမ ၅၅၇၂ ဧကရှိ ဒေါ်ရန်ကြာဆိုင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များ။
လေလံကြမ်းခင်းဈေး- ကျပ်သိန်း(၇၉၃၀၀)(ကျပ်သိန်းပေါင်း ခုနစ်သောင်းကိုးထောင်သုံးရာတိတိ)
ကြော်ငြာပြန်သွင်းရန်ရက် - ၇-၆-၂၀၂၃ ရက်

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်း ပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံး ဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ် မေ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မြတ်မြတ်လွင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာ(၁)ရပ်ကွက်၊ အနော်မာအရှေ့ (၁၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁(နော်)/၀၂၁၄၉၃)၊ မြေကွက်အမှတ် (၆၀၅-က)၊ အကျယ်အဝန်း (အလျား ၁၀ပေxအနံ ၆၀ပေ)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးဘုတို (CI ၀၃၅၇၁၄) နှင့် ဦးတင်ရွှေ ၁၂/သကတ(နိုင်)၁၁၆၆၄၆ တို့အမည်ဖြင့်အမည်ပေါက်လျက်ရှိပြီး ဦးဘုတို၏အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသော ဦးဇာနည်မောင် ၁၂/သကတ(နိုင်)၀၉၅၆၃၀၊ ဒေါ်ခင်သန်းမြင့် ၁၂/သကတ(နိုင်)၀၉၇၀၈၉ နှင့် ဒေါ်သီတာ ၁၂/သကတ(နိုင်)၁၁၀၉၂၅ တို့မှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် (၁၄)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ၊ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော် (စဉ်-၂၄၉၅၄) အထက်တန်းရှေ့နေ**
**အမှတ်(၁၁)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၈၂၄၇၉၀၉၊ ၀၉-၂၅၄၃၇၈၂၀၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/3602 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စနိုးကွင်း ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11တွင် ပညာသင်ကြားခဲ့သော မထက်သန္တာဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဟိန်းမင်းဇော် ၉/ပဥလ(ပြု) ၀၀၀၀၄၅ ဖြစ်ပါသည်။

**ဦးဟိန်းမင်းဇော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/47486 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/27370 Wangiang-125, M/C ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/49014 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးဦး ၁၄/ဟသတ(နိုင်)၃၀၃၅၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ။
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## ကျောက်မဲခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှု အမှတ်- ၅

**ဒေါ်လှိုင်လှိုင်မော်** **လျှောက်ထားသူ**

ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်၊ နယ်မြေ(၆)နေ အရွယ်မရောက်သေးသူ စိုင်းဟိဏ်းထက်စိုင်း၊ နန်းသိမ့်ဖြူဇင်ထက်နှင့် ၎င်းပိုင်သောပစ္စည်း အကြောင်း။

ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်၊ နယ်မြေ(၆)နေ (၁) ဒေါ်လှိုင်လှိုင်မော်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ စိုင်းဟိဏ်းထက်စိုင်း၊ နန်းသိမ့်ဖြူဇင်ထက်ဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်/ပစ္စည်း/ကိုယ်နှင့်ပစ္စည်းကို (၁) အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍၊ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ် ဇွန် ၂၀ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၅

မကေဇင်သော် **နှင့်** ကိုဟိန်းဇော်လတ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄) ရပ်ကွက်၊ (၉) လမ်း A၊ တိုက်(၂)၊ အခန်း (၂၀၂)နေ ကိုဟိန်းဇော်လတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မကေဇင်သော်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၉ ရက် (၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စကားဝါဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပဒေသာ(၃)လမ်း၊ ၃၅၄/ခ နေ ဦးစောလှထွန်း ၁၂/ရကန(နိုင်)၀၁၄၁၈၄ ၏သား မောင်ရဲမင်းထွဋ်(ခ)ရဲရဲ ၁၂/လသယ (နိုင်)၀၆၃၂၃၆ သည် မိဘဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးစောလှထွန်း**
**၁၂/ရကန(နိုင်)၀၁၄၁၈၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးဟိန်းဇာနည်ကျော် ၁၂/အစန(နိုင်)၂၂၆၅၈၂ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော အမှတ်(၆၇၉)၊ ဘုရင့်နောင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ (၃၄x၂၉)ပေကျယ်ဝန်းသော ခြံနှင့်အိမ်တို့၏ အကျိုးခံစားခွင့်အားလုံးအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြင့်ဦး LL.B (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၆၅)**
**အမှတ်-၁၄⁺¹(E)၊ ပန်းပင်ကြီးလမ်း၊ မန်ကျည်းတန်းတောင်အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၈၅၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဦးခင်မောင်ဌေး **နှင့်** ဒေါ်အုံးကြည်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(မမ- ၆/၄၀)၊ ၁၁၅-စီလမ်း၊ ၄၈-၄၉ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ (ဘ)ဦးဘအေး ၏ သမီးဖြစ်သူ ဒေါ်အုံးကြည် (ဘီဝိုင်- ၀၀၃၇၆၉) (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဦးခင်မောင်ဌေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၆ x ၆၇ လမ်းကြား၊ ခတ္တာလမ်းနှင့် သရဖီလမ်းကြား၊ အကွက် အမှတ်(၁)၊ ဦးပိုင်အမှတ်(၉၇)၊ ဧရိယာ ၀ ဒသမ ၀၃၁၀ ဧက အကျယ်အဝန်းရှိ ဒေါ်အုံးကြည် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၁၃ ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ ၁၆၆ လမ်း၊ တိုက်အမှတ် ၇၄(A)၊ တတိယထပ်(၄-လွှာ) တိုက်ခန်းနှင့် တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်မူမူကြူ ၁၂/မဂဒ(နိုင်)၀၁၅၇၁၆ ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးကျော်မင်းခေါင် ၁၂/မဂဒ(နိုင်)၀၀၁၉၆၄ က ၂၈-၁၀- ၂၀၁၇ ရက်စွဲပါ "နှစ်ဦး သဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူ ပိုင်ဆိုင်၍ လက်ရှိထားစီမံခန့်ခွဲလျက်ရှိပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ဦးကျော်မင်းခေါင် သိရှိခြင်းမရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၄၅)**
**တိုက်အမှတ် (B6)၊ အခန်း (၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၇၉၇၇၈၃၅၁၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၃)၊ မြေကွက်အမှတ် (၇၈၁/ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀) ရှိ ဦးလှရွှေ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့်မြေပေါ်ရှိ အမှတ် (၇၈၁/ခ)၊ ဟန်လင်းလမ်း၊ (၁၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော (၁) ထပ်တိုက်၊ ရေ၊ မီးအစုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခင်လှလှ ၁၂/ဥကတ (နိုင်)၀၅၂၈၆၆ မှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော် (LL.B )**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ( ၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၆၉၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၉၁၄၊ ၀ ဒသမ ၀၂၈ ဧကအကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၉၁၄)၊ ငမိုးရိပ်(၁)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းရင် ၁၂/ကတတ(နိုင်)၀၁၀၃၀၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးလှကြည်မြင့် ၁၄/ဝခမ(နိုင်)၀၂၂၆၄၃ က ဝယ်ယူရန်အတွက် မြေကွက်ဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်လွင် (LL.B)** **ဦးထွန်းထွန်းလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၉၇)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၉၆)**
**အမှတ်-၁၀/၁၂၊ ပထမထပ်၊ (ဘီ-၂)၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၂၅၆၂၂၉၇၃၂**

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ် ...

❖ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ...

❖ အကြမ်းဖက်မှုဖြစ်စဉ်များ လျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်သော မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

မိုင်းလား ဇွန် ၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ အရှေ့တိုင်းဧည့်ရိပ်မွန်ဟိုတယ်၌ ဒုတိယနေ့အဖြစ် ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးပြတ်သေးသောကိစ္စများကို ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ပြန်လည်တွေ့ဆုံ၍ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရယူပြီး ဆက်လက်ဦးဆောင်



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

ရန်ကုန် ဇွန် ၂

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဇွန် ၂ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်ကို ဂိုးပြတ်သွင်းပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြီးခဲ့သည့်ပွဲတွင်

စာမျက်နှာ ၁၄ ကော်လံ ၁ ◯

### ယနေ့ သတင်းအညွှန်း

ဂျပန်နိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လေကြောင်းနှင့် ရထားလိုင်းပြေးဆွဲမှုများ ရပ်နားထားခဲ့ရ
နိုင်ငံတကာသတင်း စာ ၁၃

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)ရှိ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်
ပြည်တွင်းသတင်း စာ ၁၄